# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၅ ခုနှစ်

HURFOM

Human Right Foundation of Monland July 2025

# SUMMARY OVERVIEW & ANALYSIS

## ခြိုင်ငံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

**စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ခြိမ်းခြောက်နေသည်။**

### ဇူလိုင်လ ၂၀၂၅

စစ်ကောင်စီက အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများကို နိုင်ငံတစ်ဝန်းလုံးတွင် အရှိန်မြှင့်လုပ်ဆောင်နေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စောင့်ကြည့်လေ့လာ နေသည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် နေထိုင်နေသော ဒေသခံပြည်သူများသည် စစ်ကောင်စီ၏ အဆက်မပြတ်တိုက်ခိုက်မှုများကြောင့် အကြောက်တရားနှင့် မလုံခြုံမှုများကို ခံစားနေရသည့်အပြင် ပဋိပက္ခများကြောင့် အဖယ်ကြဉ်ခံထားရသည့် အသိုင်းအဝိုင်းသဖွယ် ဖြစ်နေသည်။

အမေရိကန်ပြည်ထောင်စုက ထောက်ပံ့နေသည့် ရန်ပုံငွေများကို ဖြတ်တောက်လိုက်ခြင်းကလည်း စိုးရိမ်ပူပန်မှုများကို မြင့်တက်လာစေသည်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် အဖွဲ့အစည်းများကလည်း ရန်ပုံငွေဖြတ်တောက်မှုကြောင့် ခိုင်မာသည့်ရန်ပုံငွေ မရရှိသဖြင့် ရေရှည်တည်တံ့သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရုန်းကန်လာရသည်။

စစ်ကောင်စီ၏တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ မြင့်တက်လာချိန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည်။ အသက်ရှင်ရန် ရုန်းကန်နေကြသည့် ပြည်သူများကို စစ်ကောင်စီ၏ လက်နက်ကြီးတိုက်ခိုက်မှုက ဖျက်လိုဖျက်ဆီး လုပ်နေသည်။

၂၀၂၅ ဇွန်လ (၂၅) နှင့် (၂၉) ရက်နေ့အတွင်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက်ရေတွင်း၊ ပိန္နဲကုန်း၊ ဇီးပြောင်း (၁) နှင့် ဝင်းကံကျေးရွာ (၄) ရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် (၁၀) ကြိမ်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး၏ ထုတ်ပြန်ချက်အရ လက်နက်ကြီးပစ်ခတ်ချိန်တွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိချေ။

ကျောက်ရေတွင်းကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးဖြစ်သူ ဒေါ်ငွေးသည် ဝမ်းဗိုက်တွင် လက်နက်ကြီးကျည်စ ထိမှန်ပြီး ဒဏ်ရာရခဲ့သည်။ ၎င်းပြင် နေအိမ် (၄) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။ ဇီးပြောင်းနှင့် ကျောက်ရေတွင်းကျေးရွာမှ နေအိမ် (၁) လုံးစီနှင့် ဝင်းကံကျေးရွာမှ နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။

“ကျိုက်ထိုမှာတော့ စစ်တပ်က လက်နက်ကြီးနဲ့ နေ့တိုင်းလိုလိုပစ်နေတာပဲ။ တိုက်ခိုက်မှုတိုင်းကို ကျွန်တော်တို့က မှတ်တမ်းတင်ထားတယ်။ တစ်နေ့နေ့တော့ တရားမျှတမှု ပြန်ရမယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်” ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ဗဒိုစောအေးနိုင်က ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး၏ မှတ်တမ်းများအရ ကျိုက်ထိုမြို့နယ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းနှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်အခြေစိုက် အမှတ် (၅၈၉) ခြေမြန်တပ်ရင်းတို့က လက်နက်ကြီးများကို ပစ်ခတ်နေခြင်းဖြစ်သည်။

လက်နက်ကြီးကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရှိမှုသည် ပထမဆုံးအကြိမ် မဟုတ်ချေ။ ဇွန်လ (၁၄) ရက်နေ့တွင်လည်း စစ်ကောင်စီက ကျိုက်ထိုမြို့နယ် ဇီးကုန်းကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသမီး (၂)

## ဇူလိုင်လ ၂၀၂၅

ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၄) လုံး ပျက်စီးခဲ့သည်။

စစ်ကောင်စီက အပြစ်မဲ့ပြည်သူများကိုပါ ပစ်မှတ်ထား တိုက်ခိုက်နေသဖြင့် ကျိုက်ထိုမြို့နယ်မှ ဒေသခံပြည်သူများသည် အကြောက်တရားအောက်တွင် နေထိုင်နေရပြီး ၎င်းတို့၏ အိုးအိမ်တိုက်တာများသည်လည်း ထိခိုက်ပျက်စီးမည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

၎င်းပြင် ၂၀၂၅ ဇူလိုင်လ (၈) နှင့် (၁၆) ရက်နေ့အတွင်း ကလိန်အောင်အခြေစိုက် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းက ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု မရမ်းချောင်းနှင့် မိုင် (၆၀) ကျေးရွာများကို လက်နက်ကြီးဖြင့် အကြိမ်ကြိမ် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်ကာ အများအပြားသည် အိုးအိမ်များကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

“ဇူလိုင် (၁၅) ရက်နေ့မှာ လက်နက်ကြီးက မိုင် (၆၀) ရွာ အပြင်ဘက်ကို ကျတယ်။ ရာဘာခြံတွေမှာလည်း လက်နက်ကြီးကျတယ်။ ကံကောင်းလို့ လူမထိဘူး။ ဒါပေမဲ့ လက်နက်ကြီးက ခဏခဏပစ်နေတော့ အသက်အန္တရာယ်ဖြစ်လာတယ်” ဟု မိုင် (၆၀) ရွာသားတစ်ဦးက ပြောသည်။

ရာဖူးကျေးရွာအုပ်စုအနီးတဝိုက်တွင် တော်လှန်ရေး အင်အားစုများကလည်း သွားလာလှုပ်ရှားနေ သဖြင့် ဒေသခံပြည်သူများမှာ ကြောက်အားပိုနေရသည်။ တစ်ခါတရံတွင် ကျေးရွာအတွင်း ဝင်ရောက်တပ်စွဲနေထိုင်တတ်သဖြင့် ဒေသခံပြည်သူများအကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပွားနေ သည်။ ထို့ကြောင့် ဒေသခံပြည်သူ (၁၀၀) ကျော်သည် ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ကာ ရေးမြို့နယ်ဘက်တွင် ခိုလှုံနေကြသည်။

“ရာဖူးဘက်ကလူတွေတော့ ရှောင်သွားကြပြီ။ တချို့က ရေးဘက်ကအမျိုးတွေအိမ်မှာ နေ,နေကြတယ်။ ရွာမှာလည်း တော်လှန်ရေးတပ်တွေက သွားလာလှုပ်ရှားနေတော့ ဘယ်လိုမှ နေလို့မရဘူး။ ညနေ (၆) နာရီဆို ဘယ်သူမှ အပြင်မထွက်တော့ဘူး။ တိုက်ပွဲဖြစ်မှ ပြေးမယ်ဆို အချိန်မမီဘူး။ အဲဒါကြောင့် ကြိုရှောင်ဖို့ ဆုံးဖြတ်လိုက်တာ” ဟု မရမ်းချောင်းရွာသားတစ်ဦးက ပြောသည်။

ဒေသခံပြည်သူများ ထိခိုက်ခံစားရမှုသည် ပထမဆုံးအကြိမ်မဟုတ်ချေ။ ဇွန်လ (၁၅) ရက်နေ့တွင် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ကွမ်းသီးပင် (၂၀) ခန့် ထိခိုက်ပျက်စီးခဲ့သည်။ ဇူလိုင်လ (၈) ရက်နေ့တွင်လည်း လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် ကော့လိုင်းကျေးရွာမှ ကလေးငယ် (၃) ဦးနှင့် လူကြီး (၁) ဦး သေဆုံးခဲ့ရပြီး ဒေသခံ (၁) ဦး ပြင်းထန်ဒဏ်ရာရခဲ့သည်။

“ထွက်ပြေးလာနိုင်တယ်ဆိုပေမယ့်လည်း အိမ်ကို စိတ်မချဘူး။ ခုချိန်က ကွမ်းသီးထွက်ချိန်ဆိုတော့ ကွမ်းသီးနှတွေကို သူခိုးတွေ အကုန်ခိုးသွားမှာ စိုးရိမ်နေရတယ်။ သူများအိမ်မှာ နေ,နေရတာ ကလည်း အားနာနေရတယ်” ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

ဇူလိုင်လ (၁၀) ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံးမှ “ဗိုလ်နေတိုး” အဖွဲ့က ရာဖူးနှင့် သာယာမွန်ကျေးရွာကြားရှိ ရေး - ထားဝယ်ကားလမ်းမကြီးကို ညနေ (၆) နာရီမှ မနက် (၆) နာရီအတွင်း ဖြတ်သန်းသွားလာခွင့်ကို ကန့်သတ်လိုက်သည်။ ဒေသခံပြည်သူများအတွက် အခက်အခဲပိုခဲ့ရသည်။ နေရပ်စွန့်ခွာရမှုအကြပ်အတည်းကို မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အနီးကပ်စောင့်ကြည့်လေ့လာနေပြီး စစ်ရှောင်ပြည်သူများသည် မလုံခြုံမှုကို ခံစားနေရသည့်အပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အရေးပေါ်လိုအပ် နေသည်။

စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကြေကွဲဖွယ်ရာ ထိခိုက်ခံစားရမှုများ ဖြစ်ပေါ်နေသည်။ အပြစ်မဲ့ကလေးသူငယ် (၃) ဦးအပါအဝင် မိသားစုဝင် (၄) ဦးသည် ဇူလိုင်လ (၈) ရက်နေ့တွင် လက်နက်ကြီးကြောင့် သေဆုံးခဲ့

ရသည်။ စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျည်သည် ကော့လိုင်းကျေးရွာအနီး ရာဘာခြံတစ်ခု အတွင်းရှိ စစ်ရှောင်တဲအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ သည်။ မိခင်ဖြစ်သူသည် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။

ကလိန်အောင်အခြေစိုက် အမှတ် (၂၈၂) ခြေမြန်တပ်ရင်း က ပစ်ခတ်လိုက်ခြင်း ဖြစ်ပြီး ၁၂၀-မမ လက်နက်ကြီးကျည် သည် မိသားစုတဲအိမ်အနီး ကျရောက်ပေါက်ကွဲခဲ့သည်။ ဖခင်ဖြစ်သူ အသက် (၅၀) အရွယ် ဦးအေးခိုင်နှင့် အသက် (၁၁) နှစ်အောက် ကလေးငယ် (၃) ဦးသည် ပွဲချင်းပြီး သေဆုံးခဲ့ပြီး မိခင်ဖြစ်သူ အသက် (၃၈) နှစ်အရွယ် မ ဝင်းပပသည် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ မဝင်းပပကို အနီးအနားရှိ ဆေးပေးခန်းတွင် ဆေးကုသမှုပေးခဲ့သည်။

"သူတို့က သာမန်အလုပ်သမားတွေပါ။ ရေဝတီတိုင်းက နေလာပြီး ဒီမှာ ရာဘာအစေးခြစ် နေကြတာ။ တိုက်ပွဲဖြစ် တာမျိုးလည်း မရှိဘူး။ လက်နက်ကြီးနဲ့ပစ်စရာအကြောင်း လည်း မရှိဘူး။ ဒါပေမဲ့ ပစ်နေတာပဲ။ ခုတော့ ကလေး တွေ အသက်ဆုံးရတယ်" ဟု တိုက်ခိုက်မှုကြောင့် ထိတ် လန့်တုန်လှုပ်နေဆဲဖြစ်သည့် ရာဖူးကျေးရွာသစ်မှ ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

လက်နက်ကြီးပစ်ခတ်ချိန်တွင် တိုက်ပွဲဖြစ်ပွားနေခြင်းမ ရှိကြောင်း ဒေသခံများက အတည်ပြုသည်။ တိတ်ဆိတ် သည့်နေ့လည်ခင်းတွင် လက်နက်ကြီး ကျရောက်ပေါက် ကွဲခဲ့ခြင်း ဖြစ်ပြီး မည်သည့် တိုက်ပွဲမှ မဖြစ်ပွားခဲ့ချေ။ ယခုကဲ့သို့သော အဖြစ်အပျက်သည် ဖြစ်နေကျပုံစံသဖွယ် ဖြစ်နေပြီး ငြိမ်းချမ်းသည့်ကျေးရွာများကို သတိပေးခြင်းမရှိ ဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကို အကြောက်အရွံ့မရှိ လုပ်ဆောင်နေသည်။

"အဲ့နေမှာ တိုက်ပွဲလုံးဝမရှိဘူး။ စစ်တပ်က သူတို့ပစ်ချင်တဲ့ အချိန် ပစ်နေတာ။ အရင်အပတ်ကလည်း မိုင် (၆၀) ဘက် ကို အကြောင်းမရှိ လက်နက်ကြီး (၂) လုံး ပစ်တယ်။ ဘယ် အချိန်ပစ်မယ်ဆိုတာ ဘယ်သူမှ မသိဘူး" ဟု အမျိုးသမီး တစ်ဦးက ပြောသည်။

မြတ်-ထားဝယ်ခရိုင် ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ဗဒိုအိနက "အဲဒီမှာ ကျွန်မတို့ တပ်ဖွဲ့ ဝင်တွေ ရှိတယ်။ ဒါပေမဲ့ ထိတွေ့မှု မဖြစ်ဘူး။ စစ်တပ်က လူနေ့,နေရာကို သက်သက်မဲ့ပစ်တာ။ ဘယ်သူတွေ ထိခိုက် မလဲ သူတို့ ဂရုမစိုက်ဘူး" ဟု ပြောသည်။

ရေး - ထားဝယ်ကားလမ်းအခြေအနေကို စောင့်ကြည့်နေသ ည့် ဒေါနစစ်ကြောင်း (၃) မှ တပ်ရင်းမှူးက "တော်လှန်ရေး တပ်ဖွဲ့ဝင်တယ် လှုပ်ရှားနေတယ်လို့ သံသယရှိရင်တောင် မှ ကလေးတွေနေတဲ့တဲကို လက်နက်ကြီးနဲ့ မပစ်သင့် ဘူး။ သူတို့က ဘာမှမသိတဲ့ကလေးလေးတွေပဲ။ ခုတော့ အရွယ်ရောက်ခွင့်မရှိဘဲ အသက်ဆုံးသွားရပြီ။ ဒါက ရက်စက်တယ်ဆိုတာထက် ပိုပါတယ်" ဟု နာကျင်စွာ ပြောသည်။

ရက်စက်ကြမ်းကြုတ်မှုသည် အထက်ပါအဖြစ်အပျက်တစ် ခုတည်း မဟုတ်ချေ။ မနှစ်က ဇွန်လတွင် လည်း ကလိန် အောင်အနီးတွင် အလားတူတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး လူ မမယ်ကလေးငယ် (၁) ဦးအပါအဝင် မိသားစုဝင် (၄) ဦး သေဆုံးခဲ့ရသည်။ စစ်ကောင်စီတပ်က လက်နက်ကြီး ရမ်း သမ်း ပစ်ခတ်မှုကို ဆက်လက်လုပ်ဆောင်နေသဖြင့် တန်ဖိုး ရှိသည့်အသက်များ ဆုံးရှုံးနေရသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်ဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများသည်လည်း အသက် ရှင်ရန်အတွက် နေ့စဉ်ရုန်းကန်နေရသည်။ စစ်ကောင်စီ က လက်နက်ကြီးများကို စစ်ရေးအရသာ ပစ်ခတ်နေခြင်း မဟုတ်ဘဲ ဒေသခံပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝကို နှော င့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့်ပါ ပစ်ခတ်နေခြင်း ဖြစ်သည်။

နေအိမ်များ၊ လယ်ကွင်းများ၊ ဘုန်းတော်ကြီးကျောင်းများ နှင့် စာသင်ကျောင်းများပေါ်တွင် လက်နက်ကြီးများ ကျ

## ဇူလိုင် ၂၀၂၅

ရောက်ပေါက်ကွဲမည်ကို ဒေသခံပြည်သူများက နေ့စဉ် စိုးရိမ်ကြောက်လန့် နေရသည်။ တိုက်ပွဲမရှိသော်လည်း လက်နက်ကြီးရန်ကို ကြောက်လန့်နေရသည်။

လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းသည် စစ်ရေးဗျူဟာ အရ လုပ်ဆောင်နေခြင်း မဟုတ်ချေ။ ၎င်းပစ်ခတ်မှုများတွင် "သိမ်းကျုံးအပြစ်ပေးသည့်ရည်ရွယ်ချက်" ပါဝင်နေသည်။ ကျေးရွာ တစ်ခုလုံးကို လုံခြုံမှုမရှိအောင် လုပ်ဆောင်ပြီး ဒေသခံပြည်သူများ၏ ဂုဏ်သိက္ခာနှင့် မျှော်လင့်ချက်များကို ဖျက်ဆီးနေခြင်း ဖြစ်သည်။ ငြိမ်းချမ်းစွာနေထိုင်နေသည့် ပြည်သူများသည် ယခုအခါတွင် စစ်ပွဲတွင် ပိတ်မိနေပြီး ကလေးများကို စာသင်ကျောင်းပို့ရန် ကြောက်ရွံ့နေကြသည်။ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန် ထိတ်လန့်နေကြသည်။ အယုတ်စွဆုံး အစားအစာနှင့် ဆေးဝါးများ ဝယ်ယူရန်အတွက်ပင် နေအိမ်မှ ထွက်ခွာရန် ကြောက်လန့်နေကြသည်။ အကြောက်တရားနှင့် မသေချာ,မရေရာမှုများက နေ့စဉ်လူနေမှုဘဝသို့ ပုံမှန်ရောက်ရှိလာသည်။

ဒေသခံလယ်သမားတစ်ဦးက "မနှစ်က မတ်လ (၂၉) ရက်နေ့မှာ စစ်ကောင်စီစစ်သဘော်က ခမ္မသရွာကို လက်နက်ကြီးနဲ့ ပထမအကြိမ်ပစ်ကတည်းက ကျွန်တော်တို့ ကောင်းကောင်းမနေရ တော့ဘူး။ ဘဝတွေက လည်း ဘယ်တော့မှ ပုံမှန်ပြန်မဖြစ်တော့ဘူး။ ဂျိုင်းမြစ်တစ်လျှောက် ရွာ (၈) ရွာက ပြည်သူတွေအားလုံးကတော့ စစ်တပ်ရဲ့တိုက်ခိုက်မှုကြောင့် ပြေးလိုက်လွှားလိုက်ပါပဲ။ အခုလည်း လက်နက်ကြီး ဘယ်တော့ကျလာမလဲ ဘယ်သူမှ မသိနိုင်ဘူး။ လယ်ကွင်းထဲမှာ လမ်းလျှောက်နေရင်တောင် အန္တရာယ်ရှိတယ် ခံစားရတယ်။ အားလုံးက အကြောက်တရားနဲ့ နေ့စဉ်ရှင်သန်နေထိုင်နေရတယ်" ဟု ပြောသည်။

ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများက နေအိမ်နှင့် ဘာသာရေးအဆောက်အဦးများကိုသာ ထိခိုက် ပျက်စီးစေသည် သာမက လူမှုဝန်းကျင်တစ်ခုလုံး၏ လူမှုစီးပွားဘဝနှင့် စိတ်ခံစားချက်များကိုပါ တစ်စစီဖျက်ဆီးခဲ့သည်။

တိုက်ခိုက်မှုများက အဆက်မပြတ်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူများသည် အသက်ရှင်ရန် အတွက်ပင် ရုန်းကန်နေရသည်။ နောက်တစ်နေ့တွင် မည်သို့ဖြစ်လာမည်ကို မည်သူမျှ သေချာတပ်အပ် မပြောနိုင်ချေ။

ယခုအခါတိုက်ပွဲများ မရှိသော်လည်း ကျိုက်မရော အခြေစိုက် အမှတ် (၂၀၈) ခြေမြန်တပ်ရင်း၊ ဇာသပြင် အခြေစိုက် အမှတ် (၈၁) ခြေမြန်တပ်ရင်းနှင့် ခမ္မသ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကြိုတင်သတိပေးခြင်းမရှိဘဲ အနီးနားကျေးရွာ များကို လက်နက်ကြီးဖြင့် ပစ်ခတ်နေသည်။ လက်နက်ကြီးကျည်များသည် လူနေ,နေရာများသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကော့ဘိန်း၊ ကော့ပလိုင်း၊ ခမ္မသ၊ တရနာနှင့် သံကလောင် ကျေးရွာများတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

"သူတို့ကတော့ ညတိုင်းနီးပါး ပစ်ခတ်နေတာပဲ။ ည (၈) နာရီလောက်မှာ ရွာနားကို လက်နက်ကြီး (၆) ခါလောက် ကျတယ်။ သူတို့က လူတွေနေတဲ့နေရာကို ပစ်နေတာ။ အားလုံးက ကြောက်နေကြတယ်။ ဘယ်သူမှ အပြင်မထွက်ရဲဘူး" ဟု ကျိုက်မရောဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာများတွင် အကြောက်တရားများ ကြီးစိုးနေသည့် အချိန်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက ရွာသားများ အနေဖြင့် ခရီးသွားရန်လိုအပ်ပါက ၎င်းတို့ကို ကြိုတင် အကြောင်းကြားရန် ဖိအားပေးနေသည်။ အရေးပေါ်ကိစ္စဖြင့် သွားလာလျှင်ပင် ကြိုတင်အကြောင်းကြားရမည် ဖြစ်သည်။ ဒေသခံပြည်သူအများစုသည် လယ်ယာနှင့် ဥယျာဉ်ခြံများဘက်သို့ သွားလာလုပ်ကိုင်နိုင်ခြင်း မရှိချေ။ မိသားစုဝင်တချို့သည် ယာယီလုံခြုံရာနေရာများဖြစ်သည့် မြို့ပေါ်သို့ မိသားစုလိုက် ပြောင်းရွှေ့သွားကြသည်။

## ဇူလိုင်လ

"ပြီးခဲ့တဲ့ (၆) လတာကာလတစ်ခုတည်းမှာပဲ လက်နက်ကြီးကြောင့် လူ (၆) ယောက် ဒဏ်ရာရသွားတယ်။ တချို့က ကလေးတွေ။ တချို့ဆို သေပါသေသွားတယ်။ အခုတော့ နေ့တိုင်း အကြောက်တရားနဲ့ နေ,နေရတယ်" ဟု ကော့စွယ်ကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်တိုက်ခိုက်မှုများက လူသေဆုံးမှု မဖြစ်စေခဲ့သော်လည်း နေအိမ်အမြောက်အမြား ထိခိုက်ပျက်စီးခဲ့သည်။ ဒေသခံပြည်သူများသည် ဗုံးခိုကျင်းများကို တူးဖော်နေရပြီး အဆိုးဆုံး အခြေအနေအတွက် ပြင်ဆင်နေကြရသည်။ ထိုသို့ ပြင်ဆင်နေသော်လည်း ထိခိုက်ခဲ့ပြီးသော ပျက်စီးမှုများသည် မူလအခြေအနေသို့ ပြန်မရောက်နိုင်ချေ။ ၂၀၂၅ ဇွန်လ (၁၀) ရက်နေ့တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကျုံဒိုးမြောက်ပိုင်းမှ ကလေးငယ် (၄) ဦးသည် ထိခိုက်ဒဏ်ရာရခဲ့သည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် တော်လှန်ရေးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများသည် ဂျိုင်းမြစ် တစ်လျှောက်တွင် "ကြိုကြားကြိုကြား" ဖြစ်ပွားနေသည်။ စစ်ကောင်စီက လက်နက်ကြီး ပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေသည်။ ဒေသခံပြည်သူများအတွက်မူ အခြေအနေများသည် ဆိုးသည်ထက် ဆိုးရွားလာနေသည်။

နေ့စဉ်လူနေမှုဘဝသည်လည်း ခက်ခဲကြမ်းတမ်းလာပြီး မျှော်လင့်ထားသည်နှင့် ပိုမိုဝေးကွာ လာသည်။ မိသားစုများသည် ၎င်းတို့အသက်မွေးဝမ်းကျောင်းအလုပ်ကို မလုပ်ကိုင်နိုင်ချေ။ ကလေးများသည်လည်း စာသင်ကျောင်းသို့ မသွားနိုင်ချေ။ သာမန်လှုပ်ရှားသွားလာမှုများ သည်ပင်လျှင် အကြောက်တရားအောက်တွင် ထိန်းချုပ်ခံနေရသည်။ စစ်ကောင်စီက လူနေအဆောက်အဦးများကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများသည်ပင်လျှင် အန္တရာယ်ရှိနေသည့် အနေအထား ဖြစ်နေသည်။

လက်နက်ကြီးတိုက်ခိုက်မှုများက အပြစ်မဲ့ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ၏အသက်ကိုပါ နှုတ်ယူနေသည်။ စစ်ကောင်စီ၏ လက်နက်ကြီးက မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးလေးကျေးရွာရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် (၁၅) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ရသည်။ ဇွန်လ (၂၃) ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

ရွှေရောင်ပြကျေးရွာရှိ အမှတ် (၃၁၄) အမြောက်တပ်က ပစ်ခတ်လိုက်ခြင်း ဖြစ်ပြီး အလူးလေးကျေးရွာရှိ လူနေအိမ်တစ်လုံးကို ထိမှန်ခဲ့သည်။ နော်ခင်နန်းမွှေးသည် ဦးခေါင်းနှင့် ရင်ဘတ်တွင် အသက်သေဆုံးစေသည့်ဒဏ်ရာများ ရရှိခဲ့ပြီး ပွဲချင်းပြီး သေဆုံးခဲ့သည်။

"စစ်တပ်ရဲ့လက်နက်ကြီးက အိမ်အနားကို ကျလာတာ။ နော်ခင်နန်းမွှေးရဲ့ ခေါင်းနဲ့ ရင်ဘတ်ကို ထိသွားတယ်။ လေနဲ့မိုးက ကြမ်းနေတော့ လက်နက်ကြီးသံကို မကြားလိုက်ဘူး။ သူတို့က နေ့တိုင်းလိုလို ပစ်နေတာပဲ။ လက်နက်ကြီးတွေက ရွာအပြင်ကို ကျနေကျပါ။ ဒီတစ်ခေါက်မှာမှ အိမ်အနားကို ကျလာတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီက လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်နေသဖြင့် ဒေသခံပြည်သူများသည် နေ့စဉ်နှင့်အမျှ ကြောက်ရွံ့ထိတ်လန့်နေရသည်။ အထူးသဖြင့် အလူးလေး၊ သပြေနီ၊ ကရဝေးဆိပ်နှင့် ဖိုးဝသိမ်ကျေးရွာများရှိ ဒေသခံပြည်သူများသည် ထိခိုက်ခံစားနေရပြီး လက်နက်ကြီးပစ်ခတ်မှု များက နေအိမ်များ၊ လယ်ကွင်းများနှင့် လုပ်ငန်းခွင်နေရာများကို ထိခိုက်ပျက်စီးစေသည်။

ထိခိုက်ပျက်စီးမှုများသည် တစ်ခုတည်း တစ်နေရာတည်း မဟုတ်ချေ။ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာရှိ ရေသန့်စက်ရုံကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လူထိခိုက်သေဆုံးခြင်း မရှိခဲ့သော်လည်း ဒေသခံပြည်သူများ

အတွက် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုကို တိုက်ခိုက်ခဲ့သဖြင့် ပြည်သူများအကြား အထိတ်တလန့် ဖြစ်ခဲ့သည်။

တော်လှန်ရေးတပ်ဖွဲ့များနှင့်နီးစပ်သည့် သတင်းရင်းမြစ်တစ်ဦးက စစ်ကောင်စီ၏တိုက်ခိုက်မှုက ဒေသခံပြည်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း ပြောသည်။ "ဒေသခံပြည်သူတွေနဲ့ ပြည်သူပိုင်အဆောက်အဦးတွေကို တိုက်ပွဲမရှိတဲ့အချိန်မှာ တိုက်ခိုက်တာက လူမဆန်ရုံတင်မကဘူး၊ စစ်ရာဇဝတ်မှုကိုပါ ကျူးလွန်နေတာပဲ။ ဒီလိုမျိုးလုပ်ရပ်တွေကို နိုင်ငံတကာက လုံးဝရှုတ်ချရမယ်" ဟု ပြောသည်။

စစ်ကောင်စီတပ်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာအုပ်စု သုံးခွကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် (၁၅) နှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ရသည်။ စစ်တပ်က ပစ်ခတ်ခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက အတည်ပြုခဲ့သည်။

ဇူလိုင်လ (၁၇) ရက်နေ့ ညနေ (၅) နာရီခွဲအချိန်တွင် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ခရွဲကျေးရွာကို ၁၂၀-မမ လက်နက်ကြီး (၂) လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်တစ်လုံးသည် သုံးခွကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့ရာ စောသိန်းထူးသည် ပခုံးနှင့် ခန္ဓာကိုယ်တွင် လက်နက်ကြီးကျည်စများ ထိမှန်ခဲ့ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။

"ဒါက ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝအမှန်ပဲ။ စစ်တပ်က ရွာထဲကို လက်နက်ကြီး နေ့တိုင်းပစ်ထည့်နေတယ်။ တစ်ခါတလေ လေယာဉ်နဲ့ပါ ဗုံးကြဲတယ်။ သူတို့က အပြစ်မဲ့အသက်တွေကို ဖျက်ဆီးနေတာ။ ဒါပေမဲ့ တစ်နေ့နေ့တော့ သူတို့ပြစ်မှုတွေကို သူတို့တာဝန်ခံရမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ထားတယ်" ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ဗဒိုစောအေးနိုင်က ပြောသည်။

သုံးခွကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ (၁) အုပ်ချုပ်မှုအောက် တွင်တည်ရှိသည်။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်က ကြည်းကြောင်း၊ လေကြောင်းတို့ဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ပြီး အများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇူလိုင်လ (၂၁) ရက်နေ့တွင် ကျိုက်ထိုမြို့နယ် ဝင်းကလောကျေးရွာအုပ်စု ဆောင်နိုင်ကြီးကျေးရွာရှိ ရေသန့်စက်ရုံကို စစ်ကောင်စီလေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် နေအိမ် (၂) လုံး ပျက်စီးခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

၎င်းကဲ့သို့သော တိုက်ခိုက်မှုများသာမက လမ်းများကို ပိတ်ဆို့ခြင်းနှင့် စစ်ဆေးရေးဂိတ်များကို တိုးချဲ့ခြင်းများကဲ့သို့သော လုပ်ရပ်များကို စစ်ကောင်စီက တိုးမြှင့်လုပ်ဆောင်နေသည်။ ရေဖြူမြို့နယ် ကံပေါက်ဒေသမှ ပြည်သူများသည် စစ်ကောင်စီက လုံခြုံရေးတင်းကြပ်ခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် ကုန်ပစ္စည်းသယ်ယူခွင့်ကို ကန့်သတ်ခြင်းတို့ကြောင့် အခြေခံ စားသောက်ကုန်များ ပြတ်လပ်နေသည်။ အထူးသဖြင့် မွန်နှင့် တနင်္သာရီနယ်စပ်ရှိ မလွှဲတောင်စစ်ဆေးရေးဂိတ်တွင် ပိတ်ဆို့ကန့်သတ်ခြင်းများကို လုပ်ဆောင်နေသည်။

စစ်တပ်က ဆန်၊ စားသုံးဆီ၊ ဆေးဝါးနှင့် စက်သုံးဆီသယ်ယူမှုများကို တင်းတင်းကြပ်ကြပ် စစ်ဆေးနေသည်။ ဇွန်လနောက်ဆုံးအပတ်တွင် ဆန်သယ်ဆောင်လာသည့် ကုန်တင်ကား (၂) စီးကို မလွှဲတောင်ဂိတ်တွင် သိမ်းဆည်းလိုက်သည်။ ထိုကိစ္စကြောင့် ကုန်တင်ယာဉ်မောင်းများသည် ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့၍လည်းကောင်း၊ ကုန်ကားသိမ်းဆည်းခံရမည်ကို စိုးရိမ်၍ လည်းကောင်း နောက်ပိုင်းတွင် ဆန်သယ်ဆောင်ခြင်း မပြုချေ။

## ဇူလိုင်လ ၂၀၂၅

"မလွဲတောင်စစ်ရေးဂိတ်မှာ ဆန်ကို အဓိကစစ်နေတယ်။ သတ်မှတ်ပမာဏထက်ကျော်ပြီး သယ်လာရင် ကုန်ကားကို သိမ်းတယ်။ တချို့ကားသမားတွေဆို အဖမ်းပါခံရတယ်။ သယ်လာတဲ့ကုန်ပစ္စည်းအပေါ်မူတည်ပြီး သိန်း (၂၀) ကနေ သိန်း (၆၀) အထိ ဂိတ်ဖြတ်ကြေးဆိုပြီး ပိုက်ဆံပေးရတယ် ကြားတယ်" ဟု ကံပေါက်ဒေသမှ အမျိုးသမီးတစ်ဦးက ပြောသည်။

ဇူလိုင်လ (၃) ရက်နေ့အထိ ကံပေါက်ဒေသနှင့် အနီးတဝိုက်ကျေးရွာများတွင် ဆန်နှင့် စားသုံးဆီ ပြတ်လပ်နေကြောင်း ဒေသခံများက ပြောသည်။ စစ်တပ်က လူတိုင်းကို အစားအသောက်နှင့် ဆေးဝါးကဲ့သို့သောကုန်စည်များကို သယ်ဆောင်ကာ တော်လှန်ရေးအဖွဲ့များကို ထောက်ပံ့နေသည်ဟု စွပ်စွဲသည်။ မဟုတ်မမှန်စွပ်စွဲကာ ဖမ်းဆီးခြင်း၊ ကုန်ပစ္စည်းများကို သိမ်းယူခြင်းများ လုပ်ဆောင်နေသည်။

ထားဝယ်ခရိုင် ရေဖြူ၊ လောင်းလုံးနှင့် သရက်ချောင်းမြို့နယ်များတွင် တိုက်ပွဲများ ပြင်းထန်လာ သည်နှင့်အမျှ စားနပ်ရိက္ခာသယ်ဆောင်ခြင်းကို စစ်တပ်က ပိုမိုတင်းကြပ်လာသည်။ ထိုသို့ တင်းကြပ်မှုကြောင့် စားနပ်ရိက္ခာပြတ်လပ်လာသည်သာမက ကုန်ဈေးနှုန်းများလည်း မြင့်တက်လာပြီး အခြေခံလူတန်းစားများအတွက် နေ့စဉ်ရှင်သန်ရန် ခက်ခဲလာသည်။

တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့်ဒေသများသို့ အစားအသောက်နှင့် အခြေခံ ကုန်ပစ္စည်းများ မရောက်ရှိရန် စစ်တပ်က ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်နေသည့်အပြင် တိုက်ပွဲများကလည်း နေ့စဉ်နီးပါး ဖြစ်ပွားနေသဖြင့် အခြေအနေများ ပိုမိုဆိုးရွားလာသည်။ အခြေအနေများ တစ်နေ့တခြား ပိုမိုဆိုးရွားလာသည်ဟု ဒေသခံများက ပြောသည်။ မကြာခင်ကာလတွင် အကူအညီများနှင့် မရှိမဖြစ်စားသောက်ကုန်များ ပြတ်လပ်မည်ကို ဒေသခံများက ကြောက်လန့်နေကြသည်။

### လေကြောင်းတိုက်ခိုက်မှုများ

ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ပုလောမြို့နယ်၌ စိတ်ထိခိုက်ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်က မိန်းမကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ကလေးငယ် (၁) ဦး သေဆုံးကာ (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ နံနက် (၁၀) နာရီတွင် မြိတ်ခရိုင် ဇရပ်ဆိပ်ကျေးရွာအုပ်စု မိန်းမနှင့် ဘိုင်းပြင်ကျေးရွာကြားကို ဗုံးကြဲခဲ့သည်။ မြိတ်လေတပ်မှ တိုက်လေယာဉ်တစ်စင်းသည် ဗုံးများကို ကြဲချသည့်အပြင် စက်သေနတ်ဖြင့်ပါ ပစ်ခတ်ခဲ့ကြောင်း မျက်မြင်များက ပြောသည်။

"အသက် (၁၀) နှစ်ဝန်းကျင် ကလေး (၁) ယောက် ပွဲချင်းပြီးသေတယ်။ အသက် (၆၀) အရွယ် အမျိုးသမီး (၂) ယောက်အပါအဝင် (၄) ယောက် ဒဏ်ရာရတယ်။ မိန်းမရွာက အိမ် (၃) လုံး ပျက်စီးသွားတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဗုံးကြဲချသည့်အချိန်တွင် ဒေသခံပြည်သူများက အာဇာနည်နေ့ကို ကျင်းပရန် ပြင်ဆင်နေချိန်ဖြစ်သည်။ အဖြစ်အပျက်အနီးတွင် ရှိနေခဲ့သူ မျက်မြင်တစ်ဦးက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများ ထိတ်လန့်ကြောက်ရွံ့ပြီး အပျက်အစီးများခဲ့ကြောင်း ပြောသည်။

ဇူလိုင် (၁၆) ရက်နေ့တွင် ထိုင်း - မြန်မာနယ်စပ်ရှိ တနင်္သာရီမြို့နယ် သိမ်ကုန်းကျေးရွာကို စစ်တပ်က လေကြောင်းတိုက်ခိုက်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ဒေသခံများအကြား အကြောက်တရားများ ပျံ့နှံ့သွားခဲ့သည်။

ဇူလိုင်လ (၁၁) နှင့် (၁၅) ရက်နေ့အတွင်း စစ်ကောင်စီတပ်က ပုလောမြို့နယ် ရှပ်ပုံကျေးရွာကို လက်နက်ကြီးနှင့် ဒရုန်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဒေသခံ (၁) ဦး သေဆုံးပြီး (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ အဆိုပါဒေသတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များအကြား

တိုက်ပွဲများ ပြင်းထန်နေသည်။

စစ်တပ်၏လေကြောင်းတိုက်ခိုက်မှုက ပဋိပက္ခဒေသတွင် နေထိုင်နေသည့် ဒေသခံပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေသည်။ အထူးသဖြင့် စစ်ပွဲများတွင် လူသားများကို လက်နက်သဖွယ် အသုံးပြုနေသည့် မြန်မာနိုင်ငံ တောင်ပိုင်းတွင် ပြည်သူများအပေါ် အကြမ်းဖက်မှုက မြင့်တက်လာနေသည်။

တော်လှန်ရေးတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် စစ်တပ်၏ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ (၃) ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဇူလိုင်လ (၂၄) ရက်နေ့ ညနေ (၃) နာရီခွဲနှင့် (၅) နာရီခွဲကြားတွင် တိုက်လေယာဉ်တစ်စင်းက ပုလောမြို့နယ် ပလမြို့ကို လေကြောင်းတိုက်ခိုက်မှု (၂) ကြိမ် ပြုလုပ်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။

"ပထမအကြိမ် ဗုံးကြဲတော့ ပလမြို့က အိမ်တစ်လုံးအပေါ်ကို တိုက်ရိုက်ကျတယ်။ လင်မယား (၂) ယောက် ပွဲချင်းပြီး သေသွားတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုပြီးနောက် စစ်ကောင်စီ၏ စစ်သင်္ဘောက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ သည်။ အမျိုးသမီး (၁) ဦး သေဆုံးခဲ့သည်။ "ပထမအကြိမ် ဗုံးကြဲတော့ လင်မယား (၂) ယောက် သေသွားတယ်။ နောက်တော့ လက်နက်ကြီးနဲ့ထပ်ပစ်တော့ သက်ကြီးပိုင်း အမျိုးသမီးတစ်ယောက် သေတယ်" ဟု ၎င်းက ဆက်ပြောသည်။

လေကြောင်းတိုက်ခိုက်မှု (၂) ကြိမ်အတွင်း တိုက်လေယာဉ်က ဗုံးသီး (၄) လုံးထက်မနည်းကို ကြဲချခဲ့ကြောင်း အခြားတော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ ဗုံးကြဲချသည့်အပြင် အနီးပတ်ဝန်းကျင်ကို စက်သေနတ်ဖြင့်ပါ ပစ်ခတ်ခဲ့သည်။

"သူတို့ ဗုံးကြဲခဲ့တယ်ဆိုတာ သေချာပါတယ်။ ပလမြို့အနီးမှာ ဖြစ်သွားတာ။ မြေပြင်ကနေ သတင်းမရသေးတော့ ဘယ်လောက်အထိ ထိခိုက်ပျက်စီးသွားတယ်ဆိုတာ စုံစမ်းနေတုန်းပဲ" ဟု ၎င်းက ပြောသည်။

ဇူလိုင်လ (၁၉) ရက်နေ့တွင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စု မိန်းမမြို့နှင့် ဘိုင်းပြင်ကျေးရွာ ကို စစ်လေယာဉ်ဖြင့် ဗုံးကြဲခဲ့သည်။ အသက် (၁၀) နှစ်အရွယ် ကလေးငယ် (၁) ဦး သေဆုံးပြီး (၇) ဦးထက်မနည်း ဒဏ်ရာရခဲ့သည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လူနေ,နေရာများကို ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခြင်းသည် ဆက်လက်ဖြစ်ပွားနေပြီး ဒေသခံပြည်သူများ သေဆုံးခြင်းများ ဖြစ်ပေါ်နေသည်။ ထိတ်လန့် ကြောက်ရွံ့မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ပဋိပက္ခဒေသရှိ ပြည်သူများသည် အကြောက်တရားအောက်တွင် ရှင်သန်နေထိုင်နေရသည်။

မြိတ်ခရိုင် ပုလောမြို့နယ် ပလမြို့အနီးတဝိုက်တွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေပြီး စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု (၄) ကြိမ် ပြုလုပ်ခဲ့ရာ သံဃာတော် (၁) ပါး ပျံလွန်တော်မူပြီး (၁) ပါး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဇူလိုင်လ (၂၆) ရက်နေ့ မနက် (၈) နာရီနှင့် ညနေ (၃) နာရီအကြားတွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု (၄) ကြိမ် ပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုတစ်ခုက သိမ်ဝဘုန်းတော်ကြီးကျောင်းကို ထိမှန်ခဲ့ပြီး သံဃာတော် (၁) ပါး ပွဲချင်းပြီးပျံလွန်တော်မူပြီး နောက်ထပ် (၁) ပါးသည် ခြေထောက်တစ်ဖက် ပြတ်တောက်သည်အထိ ထိခိုက်ဒဏ်ရာရခဲ့သည်။

# ဇူလိုင်လ ၂၀၂၅

ဇူလိုင်လ (၂၄) ရက်နေ့ ညနေပိုင်းမှစ၍ ပလမြို့နှင့် အနီးတဝိုက်တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့ အပြင်းအထန် တိုက်ခိုက်နေကြသည်။ "တိုက်ပွဲက (၃) ရက် ဆက်တိုက်ပဲ။ တိုက်လေယာဉ်တွေကလည်း အပေါ်မှာ ပျံနေပြီး ဗုံးတွေကြဲနေတယ်။ မနက် (၉) နာရီမှာ ဘုန်းကြီးကျောင်းကို ဗုံးထိတယ်။ သံဃာ (၁) ပါး ဗုံးထိပြီး ပျံလွန်တော်မူသွားတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ်တွင် ပေါင် (၃၀၀) ဗုံးသီး (၂) လုံးစီ ကြဲချခဲ့ကြောင်း အခြားဒေသခံတစ်ဦးက ပြောသည်။ ထိုအချိန်တွင် ပင်လယ်တွင် ကျောက်ချထားသည့် စစ်သင်္ဘောကလည်း လက်နက်ကြီးဖြင့် ပစ်ကူပေးနေသည်။

ဇူလိုင်လ (၂၄) နှင့် (၂၆) ရက်နေ့အထိ ပုလောမြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှုနှင့် ဒရုန်းတိုက်ခိုက်မှုတို့ကြောင့် ပြည်သူအနည်းဆုံး (၁၇) ဦး သေဆုံးခဲ့ရသည်။ သံဃာတော် (၁) အပါအဝင် ဒေသခံပြည်သူ (၁၇) ဦး သေဆုံးခဲ့ခြင်း ဖြစ်သည်။ နောက်ထပ် သံဃာတော် (၁) ပါးနှင့် ဒေသခံပြည်သူ (၁၇) ဦးအပါအဝင် (၁၈) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် သေဆုံးဒဏ်ရာရမှုများနှင့် ထိခိုက်ပျက်စီးမှုများကို အတိအကျသိနိုင်ရန် ခက်ခဲနေသည်။ အကြမ်းဖက်တိုက်ခိုက်မှုများက လျော့ကျသွားသည့်အရိပ်အယောင် မရှိသဖြင့် ဒေသခံပြည်သူများသည် ထိခိုက်ဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်လာမည်ကို စိုးရိမ်ထိတ်လန့်နေကြသည်။

## မတရားဖမ်းဆီးခြင်း

ဇူလိုင်လ (၁) ရက်နေ့တွင် "ရေးဘီလူး" တော်လှန်ရေးအဖွဲ့က မွန်ပြည်နယ် ရေးမြို့နယ် အာယုတောင်ကျေးရွာအခြေစိုက် အမှတ် (၃၄၃) ခြေမြန်တပ်ရင်းကို တိုက်ခိုက်ခဲ့သည်။ စစ်ကောင်စီတပ်က ပြင်းထန်စွာပြန်လည်တိုက်ခိုက်ခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုကြောင့် အဝေးပြေးလမ်းမကြီးအနီးရှိ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။

"တိုက်ပွဲက (၄၅) မိနစ်လောက် ကြာတယ်။ နှစ်ဖက်စလုံးက လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်နေကြတာ။ လက်နက်ကြီး (၂) လုံးက အဝေးပြေးလမ်းမဘေးကို ကျတော့ အနားကအိမ်တွေ ထိခိုက်သွားတယ်။ ဘယ်လောက်ထိသွားလဲ စုံစမ်းဖို့ အန္တရာယ်တော်တော်ရှိနေတော့ ဘယ်သူမှ အပြင်မထွက်ရဲဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

ညနေပိုင်းတွင် စစ်ကောင်စီတပ်က လူငယ်အမျိုးသားတစ်ဦးကို ရွာအဝင်ဝတွင် ဖမ်းဆီးခဲ့သည်။ ၎င်းသည် ခြေထောက်တွင် ဒဏ်ရာရရှိထားသဖြင့် စစ်သားများက ၎င်းကို ရေးဘီလူးအဖွဲ့ဝင်ဟု စွပ်စွဲခဲ့သည်။

"ခြံမှာအလုပ်လုပ်နေတဲ့ လူငယ်တစ်ယောက်က ရွာကို လမ်းလျှောက်ပြန်လာတဲ့အချိန်မှာ စစ်သားတွေက တားတယ်။ သူ့ခြေထောက်မှာ ဒဏ်ရာရနေတာကို တွေ့တော့ ရေးဘီလူးအဖွဲ့ဝင်ဆိုပြီး စွပ်စွဲတယ်။ သူတို့ကို ကြိုးနဲ့တုပ်ပြီး အနီးအနားကလူတွေကို လိုက်မေးတယ်။ ဘယ်သူမှ သူ့ကို မသိဘူး" ဟု အဖြစ်အပျက်ကို မျက်မြင်ခဲ့သူ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူသည် အသက် (၂၀) နှင့် (၃၀) ကြားတွင် ရှိသည်ဟု ယူဆရပြီး ရေးမြို့ခံတစ်ဦး မဟုတ်ချေ။ တခြားဒေသမှ အလုပ်လာလုပ်သည့် ပြောင်းရွှေ့အလုပ်သမား ဖြစ်နိုင်သည်ဟု ဒေသခံများက ထင်မြင်ကြသည်။ ၎င်းကို အမှတ် (၃၄၃) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းနေသည်။

၎င်းက မည်သူမည်ဝါဖြစ်သည်၊ ပြန်လည်လွှတ်ပေးခြင်း ရှိသည်မရှိသည်ကို တရားဝင် ထုတ်ပြန် လာခြင်း မရှိချေ။ အထက်ပါအဖြစ်အပျက်ကြောင့် ဒေသခံပြည်သူများ

## ဇူလိုင်လ ၂၀၂၅

အကြား အကြောက်တရား ဖြစ်ပေါ်နေပြီး တိုက်ပွဲများနှင့် စစ်တပ်က ကျေးရွာအတွင်း တပ်စွဲမှုများအကြားတွင် ပြည်သူများက အကြောက်တရားနှင့် နေထိုင်နေရသည်။

ထိုင်းအစိုးရက စစ်ကောင်စီနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်နေမှု စိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ဇွန်လ (၃၀) ရက်နေ့တွင် ထိုင်းနိုင်ငံ ရနောင်းထိန်းသိမ်းရေးစခန်းမှ မြန်မာနိုင်ငံသား (၁၀၀) နီးပါးကို ထိုင်းအာဏာပိုင်များက တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ မြန်မာအာဏာပိုင်များထံသို့ လွှဲပြောင်းပေးခဲ့သည်။

ဒေသခံပြည်သူများနှင့် လူ့အခွင့်အရေးစောင့်ကြည့်သူများ၏ ပြောကြားချက်အရ ထိုင်းနိုင်ငံမှ ပြန်ပို့လာသူ အယောက် (၁၀၀) နှင့် (၂၀၀) ကြားကို အာဏာပိုင်များက စစ်တပ်လက်တွင်းသို့ အဓမ္မလွှဲပြောင်းပေးခဲ့ပြီး စစ်တပ်က ၎င်းတို့ကို စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအကြပ်စုဆောင်းခဲ့သည်ဟု သိရသည်။

"၂၀၂၄ ခုနှစ်အတွင်းမှာ လူ (၂,၀၀၀) ကျော်ကို (၁၄) ကြိမ်ခွဲပြီး လွှဲပေးခဲ့တယ်။ သူတို့ထဲက ဘယ်နှယောက်က စစ်ထဲအပို့ခံလိုက်ရလဲဆိုတာ သေချာမသိဘူး။ စစ်တပ်က ဘာမှမထုတ်ပြန်တော့ အတည်ပြုဖို့က ခက်နေတယ်" ဟု FE5 Tanintharyi အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခံရသူများကို ပလောက်မြို့ရှိ အမှတ် (၁၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ လှေဖြင့် ပို့ဆောင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

၂၀၂၅ ခုနှစ်မှစ၍ ထိုင်းနှင့် မြန်မာအာဏာပိုင်များအကြား လူလွှဲပြောင်းမှု (၆) ကြိမ် ရှိခဲ့ပြီး လူဦးရေစုစုပေါင်း (၁,၀၁၉) ဦး လွှဲပြောင်းခဲ့သည်။ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် စစ်တပ်အတွင်းသို့ အတင်းအဓမ္မသွပ်သွင်းမှုများ ရှိနေခြင်းတို့ကြောင့် ၎င်းတို့၏မိသားစုဝင်များနှင့် လူ့အခွင့်အရေးအဖွဲ့ များအကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။

လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာတစ်ခုအနေဖြင့် ဘီးလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူနှင့် နိုင်ငံရေးအကျဉ်းသားဖြစ်သူ ကိုပြည့်စုံအောင်သည် သထုံအကျဉ်းထောင်တွင် နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည်။ စစ်တပ်က ၎င်း၏ ရုပ်အလောင်းကို မိသားစုဝင်ထံသို့ လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ ၂၀၂၅ ဇူလိုင်လ (၁၉) ရက်နေ့ ညနေတွင် ချက်ချင်းသင်္ဂြိုဟ်ခဲ့သဖြင့် အစအနဖျောက်ဖျက်သည်ဟူသော စိုးရိမ်မှုများ ဖြစ်ပွားခဲ့သည်။

ဒေသခံသတင်းရင်းမြစ်များနှင့် တော်လှန်ရေးတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ အသက် (၄၄) နှစ်အရွယ် ကိုပြည့်စုံအောင်သည် ထောင်အာဏာပိုင်များ၏ ရိုက်နှက်မှုကြောင့် အတွင်းဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ ဇူလိုင်လအစောပိုင်းတွင် ထောင်အာဏာပိုင်များနှင့် "ကတောက်ကဆ" ဖြစ်ပွားပြီးနောက် ရိုက်နှက်ခံရခြင်း ဖြစ်သည်။ ၎င်းနှင့် အခြားနိုင်ကျဉ်း (၄) ဦးကို ထောင်အာဏာပိုင်များက နံပါတ်တုတ်ဖြင့် ရိုက်နှက်ပြီး ဝမ်းဗိုက်ကို အကြိမ်ပေါင်းများစွာ ကန်ကျောက်ခဲ့သည်။

နိုင်ကျဉ်းတစ်ဦးက သွေးအန်သည်အထိ ထိခိုက်ခဲ့သဖြင့် နောက်တစ်နေ့ အကျဉ်းထောင်သို့ ပြန်မပို့မီ ဆေးရုံတင်ခဲ့ရသည်။ ကိုပြည့်စုံအောင်သည် ပြင်းထန်သည့် ဝမ်းဗိုက်နာကျင်မှုကြောင့် လဲကျခဲ့ပြီး ဇူလိုင်လ (၁၉) ရက်နေ့ နေ့လည် (၁) နာရီဝန်းကျင်တွင် သေဆုံးခဲ့သည်။

နှိပ်စက်ခံရမှုကြောင့် သေဆုံးခဲ့သည်မှာ သက်သေထင်ရှားနေသော်လည်း ကိုပြည့်စုံအောင်သည် သွေးတိုး၊ ဆီးချိုနှင့် နှလုံးစသည့် နာတာရှည်ရောဂါများကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း ထောင်အာဏာပိုင်များက ပြောသည်။ သို့သော် မိသားစုဝင်များကို အသိပေးခြင်းမရှိဘဲ ရုပ်အလောင်းကို အလျင်အမြန်သင်္ဂြိုဟ်ခဲ့ခြင်းက ၎င်းတို့နှိပ်စက်ထားသည့် လက္ခဏာများကို ဖျက်ဆီးဖုံးကွယ်လိုခြင်းဖြစ်ကြောင်း ဝေဖန်မှုများ ရှိနေသည်။

## ဇူလိုင်လ ၂၀၂၅

"ပုံမှန်ပဲ သေဆုံးတယ်ဆိုရင် မိသားစုဝင်တွေကို အသိမပေးဘဲ သင်္ဂြိုဟ်စရာအကြောင်း မရှိဘူး။ အမှန်တရားကို ဖုံးကွယ်ဖို့ ရည်ရွယ်ချက်ရှိရှိလုပ်တယ်ဆိုတာ သိသာနေတာပဲ" ဟု မွန်ပြည်နယ်မှ တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကိုပြည့်စုံအောင်သည် ၂၀၂၂ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ပုဒ်မ ၅၂(က)နှင့် ၅၀၅(က) တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၎င်းကို ဘီးလင်းအထူးတရားရုံးက ထောင်ဒဏ် (၆) နှစ် ချမှတ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကွန်ရက်မြန်မာနိုင်ငံ (PPNM) က ကိုပြည့်စုံအောင်သည် ပြင်းထန်သည့်ရောဂါများကို ခံစားနေရသော်လည်း အကျဉ်းကျနေစဉ်အတွင်း လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ၎င်းသည် နှိပ်စက်ခံရမှုနှင့် နိုင်ငံရေးအကျဉ်းသားများကို လစ်လျူရှုပစ်ပယ်သည့် မြန်မာနိုင်ငံ၏ အကျဉ်းထောင်စနစ်ကြောင့် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဇူလိုင်လ (၂၀) ရက်နေ့တွင် အခြားနိုင်ငံရေးအကျဉ်းသားဖြစ်သည့် ဒဂုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်ဖြစ်သူ အသက် (၂၅) နှစ်အရွယ် မဝတ်ရည်အောင်သည် အကျဉ်းကျနေစဉ်အတွင်း သေဆုံးခဲ့သည်။ ၎င်းသည် ၂၀၂၁ စက်တင်ဘာလ (၁၄) ရက်နေ့တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ပုဒ်မ ၅၀၅(က) ဖြင့် အင်းစိန်ထောင်တွင် ထောင်ဒဏ် (၃) နှစ် ကျခံခဲ့ရသည်။ နောက်ပိုင်းတွင် ဒိုက်ဦးအကျဉ်းထောင်သို့ ပို့ဆောင်ခံခဲ့ရပြီး အင်းစိန်ထောင်သို့ ပြန်လည်ပို့ဆောင်ခံခဲ့ရပြန်သည်။ ၂၀၂၃ ဇွန်လတွင် အင်းစိန်ထောင်၌ ပုဒ်မ ၅၂(က)ဖြင့် နောက်ထပ်ထောင်ဒဏ် (၄) နှစ် ကျခံခဲ့ရသည်။

ဖမ်းဆီးခံရပြီးနောက် နှိပ်စက်ခံခဲ့ရသဖြင့် မဝတ်ရည်အောင်သည် ဦးခေါင်းနှင့် ခန္ဓာကိုယ်များတွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။ ထောင်သွင်းအကျဉ်းချခံနေရစဉ်အတွင်း ဆေးကုသမှုများ ခံယူခဲ့ရသော်လည်း လုံလောက်သည့်ကုသမှုမျိုး မဟုတ်ချေ။ နိုင်ငံရေးအကျဉ်းသားများ အထူးသဖြင့် တက်ကြွလှုပ်ရှားသူလူငယ်များ၏ အသက်နှင့် လူ့ဂုဏ် သိက္ခာကို စစ်ကောင်စီက တန်ဖိုးထားခြင်းမရှိကြောင်း သူ၏သေဆုံးမှုက သက်သေပြနေသည်။

အထက်ဖော်ပြပါသေဆုံးမှု (၂) ခုသည် အကျဉ်းထောင်အာဏာပိုင်များ၏ နှိပ်စက်မှုကြောင့် ဖြစ်ပြီး ရက်သတ္တပတ် (၁) ပတ်အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆေးကုသပိုင်ခွင့် ကို ငြင်းပယ်ခြင်းနှင့် မိသားစုဝင်များကို အသိပေးခြင်းမရှိဘဲ ရုပ်အလောင်းများကို သင်္ဂြိုဟ်ခြင်း တို့သည် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းအပြင် လူ့ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်ခြင်းလည်း ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုကို လက်နက်သဖွယ် အသုံးပြုနေခြင်းကို မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက ပြင်းပြင်းထန်ထန် ရှုတ်ချပြီး ကုလသမဂ္ဂ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရားများအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက စုံစမ်းစစ်ဆေးမှုများကို ချက်ချင်းလုပ်ဆောင်ရန်နှင့် စစ်ကောင်စီကို နိုင်ငံရေးအကျဉ်းသားများအပေါ် ၎င်းတို့၏ လူမဆန်သောပြုမူဆက်ဆံမှုများအတွက် တာဝန်ယူ တာဝန်ခံမှုများ ရှိလာစေရန် လုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။ ကိုပြည့်စုံအောင်၊ မဝတ်ရည်အောင်နှင့် စစ်ကောင်စီ၏ ညှဉ်းပန်း နှိပ်စက်မှုကို ခံစားခဲ့ရသည့် မရေမတွက်နိုင်သော အကျဉ်းသားများအတွက် တရားမျှတမှုများ လုံးဝရရှိရမည် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သည့် ကရင်လေး ခေါ် အောင်နိုင်စိုးသည် ထောင်အာဏာပိုင်များ၏ ပြင်းထန်သည့်ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် သေဆုံးခဲ့ ကြောင်း နိုင်ငံရေးအကျဉ်းသားများကွန်ရက်(မြန်မာနိုင်ငံ)က အတည်ပြုသည်။ မျက်မြင်များနှင့် သက်သေများ ရှိနေသော်လည်း ထောင်အာဏာပိုင်များက ၎င်းသည် နှလုံးရပ်ပြီး သေဆုံးခြင်း ဖြစ်ကြောင်း လိမ်ဆယ်တင်ပြခဲ့ကြ

သည်။

အောင်နိုင်စိုးသည် ပုဒ်မ ၅၀၅(က) ဖြင့် ထောင်ဒဏ် (၇) နှစ် ကျခံနေရသည်။ ၂၀၂၅ ဇူလိုင်လ (၂၁) ရက်နေ့တွင် ၎င်းကို ဆွဲထုတ်သွားပြီး ထောင်ဝန်ထမ်း အယောက် (၃၀) နီးပါးက လူမြင်ကွင်းတွင် ရိုက်နှက်ခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသား များကွန်ရက်(မြန်မာနိုင်ငံ)က စုံစမ်းသိရှိထားသည်။

၎င်းနှိပ်စက်မှုဒဏ်ကြောင့်ပင် သေဆုံးခဲ့ရသည်။ အလှည့်ချ နေရာပြောင်းရွှေ့မှုမှ ၎င်းကို ချုပ်ထားခဲ့ပြီး မသက်ဆိုင် သည့်ပုဒ်မဖြင့် သက်ကြီးဆောင်တွင် ထားရှိခဲ့သည်။ ၎င်း သည် အခြားအကျဉ်းသားများကို နှုတ်ဖြင့်ဆဲရေးသည် ဟူသော မခိုင်လုံသည့်စွပ်စွဲချက်ဖြင့် ထောင်ဝန်ထမ်းများ က ရိုက်နှက်ခဲ့ခြင်းဖြစ်သည်။ မှန်ကန်မျှတသည့် စုံစမ်း စစ်ဆေးမှုအစား ၎င်းကို ဆွဲထုတ်ကာ အသက်သေဆုံး သည်အထိ ရိုက်နှက်ခဲ့ကြသည်။

ဘားအံအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားများကို အကြမ်းဖက်ခြင်းနှင့် ဖိနှိပ်ခြင်းတို့သည် ပြီးခဲ့သည့်လများ အတွင်း ပိုမိုပြင်းထန်လာကြောင်း နိုင်ငံရေးအကျဉ်းသား များကွန်ရက် (မြန်မာနိုင်ငံ)က ထုတ်ပြန်ထားသည်။ လှည့် ကြည့်ခြင်း၊ တန်းစီနေစဉ် စကားပြောခြင်းစသည့် သာမန် ကိစ္စရပ်များအတွက်ပင်လျှင် နိုင်ကျဉ်းများကို ရိုက်နှက် ခဲ့ကြသည်။ အခြေခံလူ့အခွင့်အရေး နှင့် ထောင်တွင်း စည်းကမ်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေ ကြခြင်း ဖြစ်သည်။

တရားမျှတမှုကို ပြန်လည်ရယူနိုင်ရန်အတွက် နိုင်ငံရေး အကျဉ်းသားများကွန်ရက်(မြန်မာနိုင်ငံ)က အကြမ်းဖက် မှုကျူးလွန်နေသည့် ထောင်အာဏာပိုင်များနှင့် ဝန်ထမ်း များ၏ နာမည်များကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ စာရင်းတွင် လက်ထောက်အဆောင်မှူး ကျော်ခိုင်နှင့် သွင် ထူး၊ တပ်ကြပ်စိုးသူရသိန်း၊ တပ်သားကိုကိုဖြိုး၊ တပ်သား ချစ်ဦးဇော်နှင့် ထောင်မှူးဝင်းမောင်တို့ ပါဝင်သည်။

အကြမ်းဖက်မှုကျူးလွန်နေသည့် အခြားထောင်ဝန်ထမ်း များကို ဆက်လက်စုံစမ်းဖော်ထုတ်သွား မည်ဟု နိုင်ငံရေး အကျဉ်းသားများကွန်ရက်(မြန်မာနိုင်ငံ)က ကြေညာ ထားသည်။ ထုတ်ပြန်ထားသည့် စာရင်းများသည် နောင် အနာဂတ်တွင် တရားမျှတမှု ရရှိရေးနှင့် တာဝန်ယူ တာဝန်ခံမှု ရှိရေးတို့တွင် အရေးပါသည့်သက်သေများ ဖြစ်လာမည်ဖြစ်သည်။

ဒေသခံတော်လှန်ရေးအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတရေးအဖွဲ့အစည်းများအနေဖြင့် အထက်ပါ ကိစ္စရပ်များကို စောင့်ကြည့်မှတ်တမ်းတင်ပြီး ကျူးလွန် သူများကို အပြစ်ပေးအရေးယူရန် နိုင်ငံရေးအကျဉ်းသား များကွန်ရက်(မြန်မာနိုင်ငံ)က တိုက်တွန်းထားသည်။ ပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လည်း အောင်နိုင်စိုးကို တစ်ဦးတည်းသောနစ်နာသူဟု မမြင်ဘဲ ညှဉ်းပန်းနှိပ်စက်မှုစနစ်အောက်တွင် ထိခိုက်ခံစား ခဲ့ရသူမြောက်မြားစွာအနက် နစ်နာသူတစ်ဦးဟု မြင်နိုင်ကြ ရန် နိုင်ငံရေးအကျဉ်းသားများကွန်ရက်(မြန်မာနိုင်ငံ)က တောင်းဆိုထားသည်။

## မြေမြှုပ်မိုင်းများ

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မဲလံဂေါင်းကျေးရွာအုပ်စု ပြင်သာကျေးရွာမှ အသက် (၃၂) နှစ်အရွယ် အမျိုးသားတစ် ဦးသည် ဥယျာဉ်ခြံတွင် အလုပ်လုပ်နေစဉ် မြေမြှုပ်မိုင်းနင်း မိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။ ဇွန်လ (၂၅) ရက်နေ့ မနက် (၈) နာရီအချိန်တွင် မြေမြှုပ်မိုင်း ပေါက်ကွဲ ခဲ့ခြင်း ဖြစ်သည်။

ကိုအောင်အောင်သည် ရွာအနောက်ဘက်ရှိ ၎င်း၏ကြက်မောက်ခြံသို့ ကြက်မောက်သီးခူးရန် သွားရောက် စဉ် မြေမြှုပ်မိုင်းနင်းမိပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ၎င်း၏ ညာခြေထောက်သည် ပေါက်ကွဲမှုကြောင့် ထိခိုက် ပျက်စီးခဲ့ပြီး နောက်ပိုင်းတွင် ဖြတ်တောက်လိုက်ရသည်။

"တော်တော်ကြေကွဲဖို့ကောင်းတယ်။ ဒါပေမဲ့ အသက်မသေဘဲ ခြေထောက်တစ်ဖက်ပဲ ဆုံးရှုံးသွားတာ ကိုအောင်အောင် ကံကောင်းတယ်ပဲ ပြောရမယ်။ မိုင်းအန္တရာယ်ရှိနေတော့ အားလုံးက သတိထားနေရတယ်။ ဘယ်လောက်ပဲ သတိထားထားပေါ့၊ မြေမြှုပ်မိုင်းဆိုတာ ကြိုတင်သိနိုင်တာမှ မဟုတ်တာ။ ခုတော့ အားလုံးက ခြံသွားဖို့ ကြောက်နေကြတာပေါ့" ဟု ရွာသားတစ်ဦးက ပြောသည်။

မိုင်းနင်းမိပြီးနောက် ကိုအောင်အောင်ကို ဘီးလင်းမြို့နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထိုမှတဆင့် သထုံခရိုင်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ပြီး ကုသမှုများကို ဆက်လက်ခံယူစေခဲ့သည်။

ပြင်သာကျေးရွာတဝိုက်တွင် စစ်ကောင်စီတပ်သားမက တော်လှန်ရေးအင်အားစုများပါ သွားလာ လှုပ်ရှားနေသည်။ သို့သော် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ သတင်းထုတ်ပြန်ခြင်း၊ တာဝန်ယူတာဝန်ခံခြင်း မရှိချေ။ အထက်ပါအဖြစ်အပျက်သည် ကျေးလက်နေပြည်သူများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြေမြှုပ်မိုင်းက ခြိမ်းခြောက်နေ ကြောင်း သတိပေးနေခြင်း ဖြစ်သည်။ ပဋိပက္ခဒေသတွင် ဒေသခံပြည်သူများ၏ အသက်ခန္ဓာသည် လည်း အန္တရာယ်တွင်းထဲသို့ ကျရောက်နေသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဒေသခံပြည်သူ (၃) ဦးသည် ဇွန်လတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ဇွန်လ (၄) ရက်နေ့တွင် ဖားတောင်ကျေးရွာမှ အမျိုးသမီးတစ်ဦးသည် တောထဲတွင် ဟင်းသီးဟင်းရွက်များ ရှာဖွေခူးဆွတ် နေစဉ် မြေမြှုပ်မိုင်းနင်းမိပြီး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ လက်မောင်းနှင့် ပေါင်တို့တွင် ထိခိုက်ခဲ့ခြင်းဖြစ်သည်။

ဇွန်လ (၁၇) နှင့် (၂၀) ရက်နေ့များတွင်လည်း ခမောင်းမြို့အနီးရှိ ဝဲပုံကျေးရွာမှ အမျိုးသား (၂) ဦးသည်လည်း အနီးအနားရှိတောအုပ်တွင် မြေမြှုပ်မိုင်းနင်းမိပြီး ဒဏ်ရာရခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် နှစ်ယောက်စလုံးသည် ခြေထောက်များ ဆုံးရှုံးခဲ့ရသည်။

"မိုးရာသီရောက်လာတော့ ရွာသားအများစုက တောထဲဝင်ပြီး မျှစ်ချိုး၊ မှိုရှာ၊ ထင်းကောက်လုပ်ကြတယ်။ ဒါက သူတို့နေ့စဉ်ဝမ်းရေးအတွက်ပဲ။ ဝမ်းနည်းဖို့ကောင်းတာက မြေမြှုပ်မိုင်း ခဏခဏနင်းမိကုန်တာပဲ။ တချို့ကျ ခြေထောက်ပါ ဖြတ်ပစ်လိုက်ရတယ်။ တော်တော်လေး ကြေကွဲဖို့ကောင်းပါတယ်။ မြို့ပေါ်မှာတော့ မြေမြှုပ်မိုင်းတွေ မရှိဘူးပေါ့။ ဒါပေမဲ့ တပ်စခန်းတွေ တော်လှန်ရေးတပ်ဖွဲ့တွေ သွားလာလှုပ်ရှားတဲ့နေရာတွေ အနီးမှာတော့ မြေမြှုပ်မိုင်းတွေ ရှိတယ်။ ဒါက ရွာသားတွေအတွက် တော်တော်လေး အန္တရာယ်များတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရသူ (၃) ဦးစလုံးကို ဘားအံပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုပေးခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေတွင်လည်း မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ သို့သော် နယ်ခြားစောင့်တပ်နှင့် စစ်ကောင်စီတပ်တို့သည်လည်း အဆိုပါနယ်မြေတွင် သွားလာ လှုပ်ရှားနေသည်။ စစ်ရေးလှုပ်ရှားမှုထပ်နေသည့် နယ်မြေဖြစ်နေခြင်းကြောင့် မည်သည့် အဖွဲ့အစည်းက မြေမြှုပ်မိုင်းထောင်ထားသည်ကို ရှင်းရှင်းလင်းလင်း မသိရချေ။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ မြေမြှုပ်မိုင်းကြောင့် ပြည်သူများထိခိုက်သည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ချေ။ ၂၀၂၅ ဧပြီလတွင်လည်း ကမမောင်းမြို့ ရပ်ကွက် (၃) မှ မိန်းကလေးငယ် (၃) ဦးသည် မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရခဲ့သည်။

ထပ်ခါထပ်ခါဖြစ်ပွားနေသည့် ထိခိုက်မှုများသည် မြေမြှုပ်မိုင်းနှင့်ပတ်သက်ပြီး အသိပညာ ပိုမိုပေးအပ်ရန် လိုအပ်နေကြောင်း ထောက်ပြနေသည်။ လူနေ,နေရာများမှ မြေမြှုပ်မိုင်းများကို ထိထိရောက်ရောက် ဖယ်ရှားပစ်ရမည်

ဖြစ်သည်။ ဟင်းရွက်ရှာခြင်းနှင့် ထင်းကောက်ခြင်း ပြုလုပ်ရုံမျှဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အသက်ခန္ဓာနှင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးခြင်း မဖြစ်သင့်ပါ။

## အတင်းအဓမ္မစစ်မှုထမ်းစေခြင်း

ထားဝယ်တွင် စစ်ကောင်စီက လူငယ်များကို နည်းလမ်းမျိုးစုံသုံးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းနေသည်။ စစ်တပ်၊ ရဲတပ်ဖွဲ့၊ ပျူစောထီး၊ ဆယ်အိမ်မှူးများနှင့် အရပ်ဝတ်သတင်းပေးများက လမ်းများပေါ်တွင် ကင်းလှည့်ခြင်း၊ နေအိမ်များကို စစ်ဆေးခြင်းနှင့် ဧည့်စာရင်းစစ်ဆေးခြင်းများ ပြုလုပ်ကာ စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သူများကို ဖမ်းဆီးနေသည်။

ဇူလိုင်လ (၅) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ထားဝယ်မြို့ လမ်းမများပေါ်တွင် ယာဉ်များကို ရပ်တန့်ကာ လက်ကိုင်ဖုန်းများကို စစ်ဆေးပြီး လူငယ်များကို အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးနေကြောင်း မျက်မြင်များက ပြောသည်။

ဇူလိုင်လ (၂) ရက်နေ့ ည (၁၁) နာရီတွင် ဧည့်စာရင်းနှင့် အိမ်ထောင်စုစာရင်းစစ်ဆေးမည်ဟုဆိုကာ ပိန္နဲတောရပ်ကွက် နှင်းဆီးလမ်းမှ အသက် (၂၀) အရွယ် လူငယ်အမျိုးသားတစ်ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။

"သူတို့က တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်အိမ်တက် တစ်အိမ်ဆင်း အိမ်ထောင်စုစာရင်း လိုက်စစ်နေတာ။ လူငယ်တွေကို တွေ့ရင် စာတစ်မျက်နှာပါတဲ့ စစ်မှုထမ်းကြေညာစာကို ပြပြီး ချက်ချင်း ဖမ်းသွားတာပဲ" ဟု ထားဝယ်မြို့ခံတစ်ဦးက ပြောသည်။

မိသားစုဝင်များက တပ်စခန်းနှင့် ရဲစခန်းများသို့ သွားရောက်ပြီး ဖမ်းဆီးခံရသည့် ၎င်းတို့၏ သားသမီးများကို လိုက်လံစုံစမ်းနေရသည်။ သို့သော် ဇူလိုင်လ (၆) ရက်နေ့အထိ မည်သည့်သတင်း အစအနမျှ မရရှိခဲ့ချေ။ မိသားစုဝင်များမှာ စိတ်ဖိစီးကာ မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို မသိနိုင်ချေ။ စစ်မှုထမ်းအသက်အရွယ်တွ အကျုံးဝင်သူ လူငယ်များစာရင်းကို စစ်ကောင်စီက ရရှိထားပြီးဖြစ်ကြောင်း ဒေသခံများက ပြောသည်။

စစ်မှုထမ်းဆင့်ခေါ်ခြင်းကို အကြောင်းမပြန်ပါက ဆယ်အိမ်မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များက နေအိမ်သို့ ကိုယ်တိုင်လာရောက်၍ ဆင့်ခေါ်ခံရသူကို ဖမ်းဆီးမည်ဖြစ်ကြောင်း ဒေသခံများကို သတိပေးခြိမ်းခြောက်ထားသည်။

"ပြီးခဲ့သည့်ရက်ပိုင်းတွေမှာ ထားဝယ်က အနည်းဆုံး လူငယ် (၄) ယောက် အဖမ်းခံလိုက်ရတယ်။ မိသားစုတွေကတော့ လိုက်ရှာနေတုန်းပဲ။ လူငယ်တွေ အပြင်ထွက်ရင် အထူးသတိထားဖို့ မှာနေရတယ်" ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂) ရက်နေ့ညတွင်လည်း ဆန်ချီရပ်ကွက်မှ လူငယ်တစ်ဦးကို ဧည့်စာရင်းစစ်ဆေးစဉ် ဖမ်းဆီးခေါ်ဆောင်သွားသည်။ ဖမ်းဆီးခံရပြီး စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်ခံရမည်ကို ကြောက်ရွံ့ပြီး လူငယ်အများအပြားသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ စစ်ကောင်စီက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ကို အိမ်တိုင်ရာရောက် သွားရောက်စစ်ဆေးရန် ဖိအားပေးစေခိုင်းနေသည်။

မှတ်ပုံတင်ခြင်းနှင့် ကြိုတင်အကြောင်းကြားခြင်းများ ပြုလုပ်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေက တရားဝင် ပြဋ္ဌာန်းထားသော်လည်း စစ်ကောင်စီက လုပ်ထုံးလုပ်နည်းများကို မျက်ကွယ်ပြု ထားသည်။ ထိုင်းနိုင်ငံမှ ပြန်ပို့ခံရသူများနှင့် ခရီးသွားများကို ဖမ်းဆီးကာ စစ်တပ်ထဲသို့ အတင်းအဓမ္မသွတ်သွင်းနေသည်။ မတရားဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခြင်းသည် ယခုအခါတွင် နေရာအနှံ့ဖြစ်ပွားနေကြောင်း တော်လှန်ရေးတပ်ဖွဲ့များထံ သို့ ခိုလှုံသွားသူ စစ်မှုထမ်းသင်တန်းသားတစ်ဦးက ပြောသည်။

## ဇူလိုင်လ ၂၀၂၅

၂၀၂၄ မတ်လမှစ၍ စစ်ကောင်စီက စစ်မှုထမ်းသင်တန်းများကို မရပ်မနားဖွင့်လှစ်နေသည်။ ၂၀၂၅ ဇွန်လတွင် စစ်မှုထမ်းအပတ်စဉ် (၁၄) အထိ ရောက်ရှိလာခဲ့သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် အပတ်စဉ် (၁၅) စစ်မှုထမ်းသင်တန်းအတွက် လူစားထိုး ငှားရမ်းရန်ဟုဆိုကာ အိမ်ထောင်စုများထံမှ ကျပ်သိန်း (၁၀၀) အထိ ကောက်ခံနေသည်။

ဒေသခံများ၏ ပြောကြားချက်အရ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအပါအဝင် အာဏာပိုင်များက စစ်မှုထမ်းသင်တန်းသားများကို အစမွှစုဆောင်းနေသည့်အပြင် စစ်မှုထမ်းကြေးများကိုလည်း အတင်းကောက်ခံနေသည်။

ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်နေသည့် ၎င်းတို့၏သားအတွက် စစ်မှုထမ်းလူစားထိုးရန် ၎င်းတို့မိသားစုထံမှ ကျပ်သိန်း (၁၀၀) တောင်းခံခဲ့ကြောင်း သံဖြူဇရပ်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

"ဇူလိုင် (၁၈) ရက်နေ့မှာ အုပ်ချုပ်ရေးမှူးက စစ်သားတွေနဲ့ အိမ်ကိုရောက်လာတယ်။ သူတို့က ကျွန်မတို့သားက စစ်မှုထမ်းမဲပေါက်တယ်လို့ ပြောတယ်။ သူက နိုင်ငံခြားမှာ အလုပ်လုပ်နေတော့ လူစားထိုးဖို့အတွက် သိန်း (၁၀၀) ပေးရမယ်လို့ ပြောတယ်။ ကျွန်မတို့လည်း ဘာမှမလုပ်နိုင်တော့ ပိုက်ဆံပေးလိုက်ရတယ်" ဟု အသက် (၄၈) နှစ်အရွယ် မိခင်တစ်ဦးက တုန်ရီသည့်လေသံဖြင့် ပြောသည်။

စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက မော်လမြိုင်၊ ပေါင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ရေးနှင့် ကျိုက်ထိုမြို့များတွင် စစ်မှုထမ်းသင်တန်းသား အတင်းအကြပ် စုဆောင်းနေသည်။ မြေပြင်မှပေးပို့သည့် သတင်းများအရ လမ်းပေါ်ထွက်သည့် လူငယ်လူရွယ်များနှင့် ညဘက်အပြင်ထွက်သည့် လူငယ်များကို လုံခြုံရေးအကြောင်းပြကာ ဖမ်းဆီးနေ သည်။ ၎င်းနောက် စစ်မှုထမ်းသင်တန်းသို့ အစမွှပို့ဆောင်ခဲ့သည်။

စစ်မှုထမ်းရန် ပျက်ကွက်သူများကိုလည်း သက်ညှာခြင်းမရှိချေ။ စစ်မှုထမ်းမဲနှိုက်ရန် ပျက်ကွက်ပါက စစ်ကောင်စီက တာဝန်ပေးထားသည့်အဖွဲ့က ကိုယ်စားမဲနှိုက်ကာ စစ်မှုထမ်းဆင့်ခေါ်စာကို ပေးပို့သည်။ မိဘအများစုသည် ၎င်းတို့၏သားများကို စစ်တပ်သို့ မပို့ဆောင်လိုသဖြင့် ငွေကြေးအမြောက်အမြား ပေးဆောင်နေရသည်။

လူထုအတွင်း အကြောက်တရားများ ပျံ့နှံ့နေပြီး လူငယ်အများစုက ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ သို့သော် အနည်းစုသည် ဖမ်းဆီးခံရပြီး စစ်မှုထမ်းသင်တန်းသို့ အစမွှပို့ဆောင်ခံရသည်။ လူစားထိုးငှားရမ်းရန်အတွက်ဟုဆိုကာ အုပ်ချုပ်ရေးမှူးများကလည်း စစ်မှုထမ်းလစဉ်ကြေး ကောက်ခံနေသည်။ လူငယ်ရှိသည့်အိမ်ထောင်စုများသည် ပိုမိုပစ်မှတ်ထား ခံနေရသည်။

"ဒါက စစ်မှုထမ်းပေါ်လစီတစ်ခုတည်း မဟုတ်တော့ဘူး။ ဒါက ခြိမ်းခြောက်ဖို့ ငွေတောင်းဖို့ ဖြစ်နေပြီ။ မိသားစုတွေ တစ်ကွဲတစ်ပြားဖြစ်နေရတယ်။ လူငယ်တွေက မသေချာမှုတွေနဲ့ နေ,နေရတယ်" ဟု ဒေသတွင်းတက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။

အဆိုပါပြဿနာများအပြင် မိုးဦးရာသီတွင် မိုးကြီးလေကြီးဒဏ်လည်း ဖြစ်ပေါ်လာသည်။ လေဆင်နှာမောင်းများ၊ လေမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အခက်အခဲအပျက်အစီးများ ဖြစ်ပွားခဲ့သည်။ လူနေအိမ်များ ပိုင်ဆိုင်မှုများ အပျက်အစီးများပြားခဲ့ပြီး အသက်သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများလည်း ဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဇူလိုင်လ (၂၃) ရက်နေ့တွင် ကျိုက်ထို၊ သထုံ၊ ပေါင်၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များတွင် လေပြင်းတိုက်ခတ်ခဲ့သည်။ လူ (၁) ဦး သေဆုံးပြီး အနည်းဆုံး (၁၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ နေအိမ် (၅၀၀) ကျော် ပျက်စီးခဲ့သည်။ မိသားစုအများအပြားသည် လေမုန်တိုင်းတိုက်ခတ်မှုတွင် ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည်။

## ဇူလိုင်လ ၂၀၂၅

မိုးဆက်လက်ရွာသွန်းနေသဖြင့် ပြန်လည်ထူထောင်ရန် ပိုမိုခက်ခဲနေသည်။ လေဘေးသင့်ပြည်သူ အများစုသည် ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများနှင့် ဆွေမျိုးများ၏နေအိမ်များတွင် ခေတ္တ ခိုလှုံနေရသည်။ နေအိမ်များကို ပြန်လည်ပြင်ဆင်ရန်နှင့် ပြန်လည်တည်ဆောက်ရန်အတွက်မူ အများစုသည် မတတ်နိုင်ကြသေးချေ။

"ဘာအကူအညီမှ မရသေးဘူး။ တစ်ယောက်နဲ့တစ်ယောက် ကူညီနိုင်ဖို့ ကြိုးစားနေတယ်။ ဒါပေမဲ့ ပစ္စည်းတွေက သိပ်မရှိဘူး။ သံဃာတော်တွေတောင် အကူအညီပေးနိုင်ဖို့ ရုန်းကန်နေရတယ်။ အဓိက အလိုအပ်ဆုံးကတော့ နေစရာနဲ့ အစားအသောက်ပဲ" ဟု ကူညီကယ်ဆယ်ရေးလုပ်နေသည့် စေတနာ့ဝန်ထမ်းလူငယ်တစ်ဦးက ပြောသည်။

စစ်ကောင်စီကိုထောက်ခံသည့် Telegram Channel များကမူ ဇူလိုင်လ (၂၆) ရက်နေ့တွင် အုပ်ချုပ်ရေးအဖွဲ့များက ပေါင်မြို့နယ်တွင် နေအိမ်ပျက်စီးသူများကို ကျပ် (၂) သိန်း၊ နေအိမ်အမိုး ပျက်စီးသူများကို ကျပ် (၁) သိန်း၊ ထိခိုက်ဒဏ်ရာရသူများကို (၅၀,၀၀၀) ကျပ်နှင့် လေဘေးသင့်ပြည်သူတစ်ဦးလျှင် (၅,၀၀၀) ကျပ်နှင့်ညီမျှသည့် ဆန်များကို ကူညီထောက်ပံ့ခဲ့ကြောင်း ဝါဒဖြန့်နေ သည်။ အဆိုပါထောက်ပံ့မှုပမာဏသည် လုံလောက်မှုမရှိကြောင်း အများစုက ဝေဖန်ပြစ်တင် ခဲ့သည်။


ရပ်ဝန်းဆိုင်ရာထိခိုက်ပျက်စီးမှုများအပြင် လျှပ်စစ်မီးတိုင်များလည်း လဲပြိုခဲ့သဖြင့် အဆိုပါ ဒေသများတွင် လျှပ်စစ်မီးပြတ်တောက်နေသည်။ သစ်ပင်များ လဲကျနေသဖြင့် လမ်းများလည်း ယာယီပိတ်ဆို့နေသည်။ အနည်းဆုံး (၆) မြို့နယ်ခန့် လေဘေးသင့်ခဲ့ပြီး အခြေအနေသည် ဆိုးရွားလျက်ရှိသည်။ အချိန်မီပြီး ထိရောက်သည့် အကူအညီများ ဆက်လက်ပေးအပ်နိုင်ရန်အတွက် တိုက်တွန်းတောင်းဆိုမှုများ ရှိနေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဇူလိုင်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၁၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၉၇) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၇၀) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၅ ဇူလိုင်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇူလိုင်လ ၂၀၂၅




**3+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# ၇+

## ၂၀၂၅ ဇူလိုင်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| ၂ | ၁ | ၄ |
|---|---|---|
| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |

# ၂၄,၀၀၀+

## စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

**၅+**

အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ

**၂+**

စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ

**၁၀+**

စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ

# 110 +

မွန်နှင့်တနင်္သာရီဒေသတွင် အတင်းအဓမ္မငွေကြေးပေးဆောင်ရမှု (၈၀) ကျော်
ဖြစ်ပွားခဲ့သည်။

# 105+

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊
လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု
တို့ကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်



# 24+

ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတောင်ပိုင်းတို့တွင်
စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

# 75+

စစ်ကောင်စီတပ်များက စစ်ကြောင်းထိုးစဉ်အတွင်း အဓမ္မသိမ်းယူစေခိုင်းခဲ့သည့်
ပြည်သူပိုင်ယာဉ်အရေအတွက်

# 300+

၂၀၂၅ ဇူလိုင်လတွင် လူငယ်လူရွယ် အနည်းဆုံး အယောက် (၃၀၀) သည် အပတ်စဉ် (၁၅) စစ်မှုထမ်း
သင်တန်းအတွက် သင်တန်းသားအဖြစ် အဓမ္မစုဆောင်းခံခဲ့ရသည်။

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

## ကရင်ပြည်နယ်

- IDP ၈၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၃ ဦးခန့်
- သေဆုံးသူ ၁၁ ဦးခန့်

ကရင်ပြည်နယ်တွင် စစ်ကောင်စီတပ်က စစ်ရေးအရှိန်မြှင့်နေသဖြင့် ထောင်ပေါင်းများစွာသော ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်သာမက ကျောင်းသားကျောင်းသူလူငယ်လူရွယ်များ၏ ပညာရေးကိုပါ ထိခိုက်နှောင့်ယှက်နေသည်။ ၂၀၂၅ ဧပြီလမှစ၍ ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့နှင့် အနီးအနားကျေးရွာများတွင် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု ပိုမိုပြင်းထန်လာ သဖြင့် ကျောင်းသားကျောင်းသူ (၂၀,၀၀၀) ကျော်သည် ထွက်ပြေးတိမ်းရှောင်နေရသည်။ ရိုးမဟာနှင့် ကျားကလေးကျေးရွာအုပ်စုရှိ နှောင်ပတောက်၊ သာမည၊ သာယာကုန်း၊ ကော့ကတာ၊ ငါးတိုင်၊ လေးတိုင်၊ ကိုးတိုင်၊ ရေပူကြီး၊ အင်းကြီး၊ ကော့ဖလွတ်၊ ကော့ကမာနှင့် ကျုံဒိုးချောင်းဖျားကျေးရွာများမှ ကျောင်းသားကျောင်းသူများသည် စစ်ဘေးရှောင်နေရသည်။

အဆိုပါကျောင်းသားကျောင်းသူများသည် ကရင်ပြည်နယ် ဘားအံနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့များတွင် စစ်ဘေးရှောင်နေပြီး ကျောင်းထွက်လက်မှတ်နှင့် ရပ်ကျေးထောက်ခံစာများ မရရှိခြင်းကြောင့် ကျောင်းအပ်နှံနိုင်ခြင်းမရှိဘဲ ကျောင်းရပ်နားထားရကြောင်း သိရသည်။

“ကျောင်းဆရာတွေ ကျောင်းအုပ်တွေလည်း ထွက်ပြေးနေကြတယ်။ ကျောင်းကလည်း ပိတ်ထားတယ်။ ရပ်ရွာအခြေအနေမကောင်းလို့ မြို့ပေါ်ပြောင်းပြီး ကျောင်းတက်တော့လည်း ထောက်ခံစာနှင့် ကျောင်းထွက်လက်မှတ်မရှိတော့ ကျောင်းက လက်မခံဘူး” ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ဘားအံတွင် တိမ်းရှောင်နေသည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကိုယ်ထူကိုယ်ထကျောင်း များတွင် ပညာဆက်လက်သင်ယူနိုင်သော်လည်း မော်လမြိုင်သို့ စစ်ရှောင်နေရသည့် ကျောင်းသား ကျောင်းသူများကမူ ကျောင်းဆက်တက်ရန် ခက်ခဲနေသည်။

“ဘားအံမြို့ပေါ်က စစ်ရှောင်ကလေးတွေကို ကူညီပေးဖို့ အဆင်ပြေပေမဲ့ မော်လမြိုင်က စစ်ဘေးရှောင်ကလေးတွေ အတော်များများ ကျောင်းနားထားရတယ်” ဟု စစ်ရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

ကျေးရွာတွင် ကျန်ရှိနေသည့် ကလေးငယ်များကမူ ကရင်အမျိုးသားအစည်းအရုံးလက်အောက်ခံ ပညာရေးဌာနတွင် ကျောင်းဆက်တက်နေကြောင်း သိရသည်။ သို့သော် ပဋိပက္ခနယ်မြေတွင် ကျောင်းတက်ရန်မှာ ကလေးများအတွက် အလွန်အန္တရာယ်ကြီးသည်။

ကော့ကရိတ် - ကျုံဒိုး - မော်လမြိုင် အာရှလမ်းမကြီးတလျှောက်တွင်လည်း စစ်ကောင်စီက သွားလာရေးကန့်သတ်ထားသဖြင့် စစ်ရှောင်ပြည်သူများသည် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးပြတ်လပ်မှု ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရသည်။

“သားသမီးပညာရေးကို ကြည့်ပြီး မြို့ပေါ်ကို (စစ်ရှောင်) ပြောင်းလာတာ။ ဒီရောက်တော့လည်း ကျောင်းက မတက်ရဘူး။ နောက်နှစ်လည်း တက်ရဖို့က မသေချာပါဘူး” ဟု မော်လမြိုင်သို့ စစ်ရှောင်လာသည့် ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အထက်ပါအခြေအနေများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများ သည် ပြည်သူလူထု၏ ဘဝများကိုသာမ ကလေးငယ်များ၏ ပညာရေးကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေကြောင်း မီးမောင်းထိုးပြနေသည်။

## မွန်ပြည်နယ်

- IDP ၄,၅၀၀ + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၂ ဦးခန့်
- သေဆုံးသူ ၁၀ ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ဇူလိုင်လ (၂၅) ရက်နေ့ မနက်ပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ် စံပြကျေးရွာတွင် ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ မနက် (၇) နာရီတွင် အမည်မသိအမျိုးသား (၂) ဦးသည် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး အသက် (၆၇) အရွယ် ဦးအညာကို ၎င်း၏နေအိမ်တွင်ပင် ပစ်သတ်ခဲ့သည်။ ဦးခေါင်းနှင့် ရင်ဘတ်တွင် သေနတ် (၆) ချက် ထိမှန်ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။

"သူက သစ်သီးရောင်းတဲ့သူပါ။ အဲမနက်မှာ အမျိုးသား (၂) ယောက်က ဒူးရင်းသီး လာဝယ်တယ်။ သူတို့လိုချင်တဲ့ဟာက ရောင်းပြီးသားဖြစ်နေတယ်။ ဦးအညာက ရောင်းမပေးတော့ သေနတ်နဲ့ ပစ်သွားတယ်။ တော်တော်ကြောက်ဖို့ကောင်းတယ်" ဟု ပစ်သတ်ခံရသူနှင့်ရင်းနှီးသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ဦးအညာသည် နေပြည်တော်ဇာတိ ဖြစ်ပြီး စစ်မှုထမ်းဟောင်းတစ်ဦးလည်း ဖြစ်သည်။

သတ်ဖြတ်သည့်အကြောင်းရင်းသည် ရှင်းလင်းမှုမရှိကြောင်း ဒေသခံများက ပြောသည်။ "ခလရ (၅၈၈) က ရွာနားမှာပဲ။ PDF တွေလည်း သွားလာလှုပ်ရှားနေတယ်။ ဦးအညာက စစ်တပ်သတင်းပေး လုပ်နေလို့ ပစ်သတ်ခံရတာလို့ ပြောကြတာလည်း ရှိတယ်" ဟု ရွာသားတစ်ဦးက ပြောသည်။

လူမှုကယ်ဆယ်ရေးအသင်းက ၎င်း၏ရုပ်အလောင်းကို လမိုင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေး ခဲ့သည်။ သေဆုံးသည့်နေ့တွင်ပင် သင်္ဂြိုဟ်ခဲ့သည်။ အထက်ပါအဖြစ်အပျက်ကြောင့် မွန်ပြည်နယ် တွင် အရပ်သားပြည်သူများ၏ လုံခြုံဘေးကင်းရေးသည် စိုးရိမ်ဖွယ်ဖြစ်လာသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ ၂၀၂၅ မေလတစ်လတည်း တွင်ပင် ပြည်သူ (၅) ဦးထက်မနည်းသည် မတရားသတ်ဖြတ်ခံခဲ့ရသည် သို့မဟုတ် တိကျရှင်းလင်းမှု မရှိသည့် အကြောင်းရင်းကြောင့် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည်။ သတ်ဖြတ်မှုတိုင်းတွင် ကျူးလွန်သူ များသည် မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သဖြင့် ဒေသခံပြည်သူများက ကြောက်ရွံ့ထိတ်လန့် နေသည့်အပြင် တရားမျှတမှု ပြန်လည်ရရှိရန်လည်း အလှမ်းဝေးနေသည်။

ပဋိပက္ခဒေသအတွင်းရှိ နစ်နာသူပြည်သူများအတွက် တရားမျှတမှု ပြန်လည်ရရှိရန်နှင့် ကောင်းမွန်သောကာကွယ်မှုစနစ် ရရှိရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အစဉ်တစိုက် မှတ်တမ်းတင် လုပ်ဆောင်သွားမည် ဖြစ်သည်။

၂၀၂၅ ဇူလိုင်လ (၁၆) ရက်နေ့မှစ၍ မွန်ပြည်နယ် မော်လမြိုင်မြို့အဝင်ရှိ သံလွင်တံတား (မော်လမြိုင်)နှင့် အတ္ထရံတံတား(မော်လမြိုင်)တို့ကို မနက် (၆) နာရီမှ ည (၈) နာရီ အထိသာ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း စစ်ကောင်စီက ကန့်သတ်ခဲ့ရာ ခရီးသွားပြည်သူများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်သူများအတွက် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ယခင်က မနက် (၅) နာရီမှ ည (၉) နာရီအတွင်း ဖြတ်သန်းခွင့်ပြုခဲ့ရာမှ ယခုအခါ လုံခြုံရေးကို အကြောင်းပြကာ လွတ်လပ်စွာသွားလာခွင့်ကို ပိုမိုကန့်သတ်လိုက်ခြင်း ဖြစ်သည်။

"တံတားဂိတ်ကို မေးကြည့်တော့ လုံခြုံရေးအရ အချိန်တိုးပိတ်တာလို့ ပြောတယ်။ ပိတ်ချိန်တိုးလိုက်တော့ အကုန်လုံး ဒုက္ခရောက်ကုန်တာပေါ့။ မုတ္တမကနေ မော်လမြိုင်ကို ဈေးသွားရောင်းမယ့်သူတွေ ခရီးသွားတွေအားလုံး အခက်အခဲဖြစ်သွားတယ်" ဟု မုတ္တမမှ ဈေးသည်တစ်ဦးက ပြောသည်။

အဆိုပါတံတား (၂) စင်းသည် အမှတ် (၈) ပြည်ထောင်စု လမ်းပိုင်းတွင် တည်ရှိပြီး ရန်ကုန်၊ မော်လမြိုင်၊ ရေး၊ ထားဝယ်နှင့် မြိတ်မြို့များ၏ ကုန်သွယ်ရေးအတွက် အဓိကကျသည့်တံတားများ ဖြစ်သည်။ ၎င်းပြင် အတ္တရံ တံတားသည် မွန်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေး ထားပြီး ထိုင်း - မြန်မာနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့်တံတား ဖြစ်သည်။

"အရင်က ည (၉) နာရီ၊ အခုက ည (၈) နာရီဆိုတော့ ကား မောင်းရတာ ပိုခက်သွားတယ်။ လမ်းမှာ စစ်ဆေးရေး များ တဲ့ကြားထဲက တံတားပိတ်ချိန်ပါ ထပ်တိုးလိုက်တော့ ပို ဆိုးတာပေါ့။ မြိတ်၊ ထားဝယ်နဲ့ ရန်ကုန်ဘက်ကလာတဲ့ ကုန်တွေ ပိုထိနိုင်တယ်" ဟု ထားဝယ်မှလာသည့် ကုန် တင်ကားမောင်းသူတစ်ဦးက ပြောသည်။

တံတားပိတ်ချိန် တိုးမြှင့်လိုက်သဖြင့် ကျန်းမာရေး၊ အလုပ်အကိုင်၊မြို့နယ်များအကြားကူးသန်းရောင်းဝယ်ရေး နှင့် သယ်ယူပို့ဆောင်ရေးစသည့် နေ့စဉ်စားဝတ်နေရေး လုပ်ငန်းများ ထိခိုက်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်ပူပန်နေသည်။ ၎င်းပြင် ညအချိန်တွင် သွားလာရမည့် အရေးပေါ်လူနာများအတွက်လည်း ရတက်မအေးဖြစ်နေ ကြသည်။

"ဒါက အဆင်မပြေတာ တစ်ခုတည်း မဟုတ်တော့ဘူး။ စစ်ကောင်စီက ကျွန်တော်တို့ဘဝကို ထိန်းချုပ်လိုက်တာ ပဲ။ ဒီလိုအသွားအလာကန့်သတ်တာက ဖိနှိပ်တဲ့ပုံစံပဲ။ သူတို့ရဲ့ အတုအယောင်ရွေးကောက်ပွဲအတွက် ပိုတင်း ကြပ်လာတာပဲ။ အောက်ခြေပြည်သူတွေပဲ ဒုက္ခရောက် ရတယ်" ဟု မော်လမြိုင်မှ တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။

တံတားပိတ်သိမ်းချိန် တိုးမြှင့်ရန် အရှေ့တောင်တိုင်း စစ်ဌာနချုပ်က တိုက်ရိုက်အမိန့်ပေးခဲ့ခြင်း ဖြစ်ပြီး ပြည်သူ တို့၏နေ့စဉ်ဘဝကို တရားမဝင်သည့် စစ်အစိုးရက မည်မျှ နှောင့်ယှက်ထိပါးနိုင် သည်ကို မြင်သာစေသည်။

ရပ်ရွာတွင် စစ်သားများ များပြားလာခြင်းနှင့် သွားလာ လှုပ်ရှားကန့်သတ်ခြင်းတို့ကြောင့် ပြည်သူတို့၏ လွတ်လပ် စွာသွားလာခွင့်ကို ထိခိုက်လာပြီး လူမှုစီးပွားဝန်ဆောင်မှု များ ရယူရာတွင် လည်းကောင်း လုပ်ငန်းကိုင်ငန်းများ လုပ်ကိုင်ရာတွင်လည်းကောင်း အနှောင့်အယှက်များ ဖြစ် ပေါ်လာကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း က မှတ်တမ်းတင်ထားသည်။

ဇူလိုင်လ ဒုတိယအပတ်တွင် မွန်ပြည်နယ် မော်လမြိုင် မြို့နယ် (၆) မိုင်ကုန်းကျေးရွာအုပ်စု၊ သွေးသောက် ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း (၃) ဦး အပါအဝင် လူ (၄) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

စစ်သားအယောက် (၄၀) ကျော်က နေအိမ်များကို ဝင် ရောက်စီးနင်းပြီး အသက် (၃၅) နှင့် (၆၀) ကြားရှိ အုပ်ချုပ် ရေးမှူးဟောင်း (၃) ဦးနှင့် အုပ်ချုပ်ရေးမှူးအသစ်ကို အကြောင်းရင်း တိတိကျကျမရှိဘဲ ဖမ်းဆီးသွားကြောင်း မျက်မြင်များက ပြောသည်။

"လက်နက်ကိုင်ဆောင်မှု၊ သွေးသောက်ရွာနားက သစ်တောဧရိယာကို အကွက်ရိုက်ရောင်းစားမှုနဲ့ နိုင်ငံရေး မှုတွေနဲ့ ဖမ်းသွားတာ။ ခုချိန်ထိတော့ ဘယ်မှာဖမ်းထား လဲ မသိသေးဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင်လအစောပိုင်းတွင် လက်နက်များ သယ်ဆောင်လာ သည့် "Toyota Probox" ကားတစ်စီးသည် လက်နက် များပို့ဆောင်ရန် သွေးသောက်ကျေးရွာသို့ ဝင်ရောက်သွား သည့်နောက်ပိုင်းတွင် အဆိုပါဖမ်းဆီးမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါကိစ္စက ဖမ်းဆီးမှုဖြစ်ပေါ်လာရန် မီးပွားချပေးလိုက် သည်ဟု ဒေသခံများက သံသယရှိ နေကြသည်။ မေလ (၅) ရက်နေ့တွင်လည်း အလားတူဖြစ်ပျက်ခဲ့ပြီး နံပါတ်ပြား 4DD/1163 တပ်ဆင်ထားသည့် 'Toyota Probox' ကို စီးနင်းလာသည့် အမျိုးသား (၄) ဦးသည် ယောက်ျား ဟောင်းဖြစ်သူ ဆရာဝန်တစ်ဦး၏ စေခိုင်းမှုဖြင့် အမျိုးသမီး တစ်ဦးကို သတ်ဖြတ်ရန် ကြိုးပမ်းခဲ့သည်။

- ကျွဲခြံကုန်း၊ သွေးသောက်ရပ်ကွက်မှ အသက် (၄၁) နှစ်အရွယ် မှူကြီး ခေါ် ငမှူ ခေါ် ဇော်မင်းလတ်
- ဒီဇယ်အရောင်းဆိုင်လမ်း၊ မြေနီးကုန်းရပ်ကွက်မှ အသက် (၄၀) အရွယ် ဖြတ်စုတ် ခေါ် ထိန်ဝင်း

- ကျွဲခြံကုန်း သေ့ွးသောက်ရပ်ကွက်မှ အသက် (၄၅) နှစ်အရွယ် ကျော်ဝင်းသူတို့ကို ဖမ်းဆီးရမိခဲ့သည်။

အော်တိုမတ်တစ် သေနတ် (၁) လက်နှင့် ကျည်ဆန် (၁၂) ခုကို ယာဉ်ပေါ်မှ သိမ်းဆည်းရမိကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောသည်။ ဖမ်းဆီးရမိသူများကို ရာဇသတ်ကြီးပုဒ်မ (၃၀၇) နှင့် (၁၁၄) တို့ဖြင့် အမှုဖွင့်ခဲ့ပြီး ကြိုးကိုင်သူများဖြစ်သည့် နန်းဦးနှင့် ဒေါက်တာ ဇင်မင်းနောင်နောင်တို့ကို မဝင့်မြတ်မြတ်ဖြိုးကို လူသတ်ရန်ကြံစည်မှုဖြင့် အမှုဖွင့်ခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကမ္ဘရိက်ကျေးရွာရှိ စာသင်ကျောင်းအဆောက်အဦးတစ်ခုတွင် ဆိုးရွားသည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်ကောင်စီက လက်နက်ကြီးများဖြင့် ပစ်ခတ်နေသော ကြောင့် စာသင်ဆောင် ထိခိုက်ပျက်စီးခဲ့ရကြောင်း မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) နှင့် ရာမညမွန်တပ်မတော်တို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဇူလိုင် (၂၃) ရက်နေ့ ည (၁၁) နာရီအချိန်တွင် ကျုံဒိုးအခြေစိုက် အမှတ် (၅၄၅) ခြေမြန်တပ်ရင်းက ၁၂၂-မမ ဟောင်ဝစ်ဇာလက်နက်ကြီး (၂) လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ကျောင်းပင်မဆောင်ကို ထိမှန်ခဲ့ရာ ထိခိုက်ပျက်စီးမှု များပြားခဲ့သည်။ ကံကောင်းထောက်မ၍ လူနှင့် ကျောင်းသားကျောင်းသူများ ထိခိုက်သေဆုံးမှု မရှိကြောင်း ဒေသခံများက ပြောသည်။

"ကျောင်းဆောင်ပေါ်ကို တိုက်ရိုက်ကျတာ။ အဲချိန်မှာ တိုက်ပွဲမရှိဘူး။ ကျောင်းဆောင်က ကလေးတွေနဲ့ ရပ်ရွာအတွက် အရေးပါတော့ တော်တော်လေးပူပန်မိတယ်" ဟု ရွာသားတစ်ဦးက ပြောသည်။

တိုက်ပွဲမရှိသော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တဝိုက်ကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လူနေ,နေရာများကို လေကြောင်းဖြင့် တိုက်ခိုက်ခြင်းများ ပြုလုပ်နေသဖြင့် အဖိုးမဖြတ်နိုင်သည့် အသက်ခန္ဓာများနှင့် အရေးပါသည့် အခြေခံအဆောက်အဦးများသည် ပျက်စီးဆုံးရှုံးနေရသည်။ ကြိုတင်သတိပေးခြင်းမရှိဘဲ စာသင်ကျောင်းများ၊ နေအိမ်များနှင့် အများပြည်သူနေရာများကို ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် အဆိုပါဒေသရှိ ဒေသခံပြည်သူများသည် တစ်နေ့တခြား ကြောက်ရွံ့ထိတ်လန့်မှုများ တိုးပွားလာနေသည်။

ကရင်ပြည်နယ်

မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

- IDP ၁၁,၅၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၅ ဦးခန့်
- သေဆုံးသူ ၁၇ ဦးခန့်

ဒေသအတွင်း တိုက်ပွဲများ ပိုမိုဖြစ်ပွားလာမှုကြောင့် ထားဝယ် ခရိုင် လောင်းလုံးမြို့နယ်မှ ဒေသခံ ပြည်သူများသည် စိုးရိမ် ပူပန်မှု မြင့်တက်လာသည်။ စစ်ကောင်စီတပ်က မောင်းမ ကန်ကျေးရွာတွင် အင်အားဖြည့်တင်းနေသည်။ စစ်ကောင်စီ တပ်သား (၁၀၀) ကျော်သည် ဇူလိုင်လ (၁) ရက်နေ့ကတည်း ကျေးရွာတွင် ဝင်ရောက်တပ်စွဲထားသည်ဟု ဒေသခံများက ပြောသည်။ တိုက်ပွဲပြန်လည်ဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန် နေကြသည်။

ထားဝယ်မြို့မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များကလည်း ဇွန်လ (၁) ရက်နေ့တွင် မောင်းမကန် ဘုန်းတော်ကြီးကျောင်းသို့ ချီ တက်လာပြီး ဇွန်လ (၅) ရက်နေ့အထိ ကျောင်းတိုက်တွင် တပ်စွဲထားသည်။

"သူတို့ အဲဒီမှာရှိနေတာ ရက်အတော်ကြာပြီ။ တိုက်ပွဲဖြစ်မှာ ကို လူတွေက စိုးရိမ်နေတယ်" ဟု ဒေသခံအမျိုးသားတစ် ဦးက ပြောသည်။

စစ်ကောင်စီတပ်က ထားဝယ်မှတဆင့် အင်အားဆက်တိုက် ဖြည့်တင်းနေပြီး စစ်သားများသည် ဆက်သွယ်ရေးမြောင်း များ တူးကာ ထိုးစစ်ဆင်ရန်အတွက် ပြင်ဆင်နေကြသည်။ အခြားဒေသခံ အမျိုးသားတစ်ဦးက "သူတို့က တစ်ခုခုလုပ် ဖို့ အဆင်သင့်ဖြစ်နေတဲ့ပုံပဲ။ စစ်ရေးလှုပ်ရှားမလား တိုက်ပွဲပဲ ဖြစ်မလား မသိဘူး" ဟု ပြောသည်။

"မောင်းမကန်မှာ စစ်သားတွေ ခုထိရှိနေတုန်းပဲ။ တော်လှန်ရေးတပ်ဖွဲ့ဘက်က တိုက်လာရင် ကျွန်တော်တို့ လည်း ချက်ချင်းရောင်ပြေးရမယ်" ဟု အခြားရွာသားတစ် ဦးက ပြောသည်။

"အခုထိတော့ ငြိမ်နေသေးတယ်။ သေနတ်ဖောက်တာ လက်နက်ကြီးပစ်တာမျိုး မရှိသေးဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ကတော့ တော်တော်လေး စိုးရိမ်နေတယ်။ စစ်သားတွေ ရှိ နေတာနဲ့တင် ကျွန်တော်တို့က မလုံခြုံဘူး" ဟု ၎င်းက ဆက် ပြောသည်။

ကျောက်ဆင်ကျေးရွာအုပ်စုအပါအဝင် အနီးအနားကျေးရွာ များမှ ဒေသခံပြည်သူများအကြား တွင်လည်း စိုးရိမ်ပူပန်မှု မြ င့်တက်နေသည်။ တိုက်ပွဲထပ်ဖြစ်လာမည်ကို ကြောက်ရွံ့သ ဖြင့် ကြိုတင်ရှောင်တိမ်းနေကြသည်များလည်း ရှိသည်။

ဇူလိုင်လ (၅) ရက်နေ့ မနက်တွင် အမျိုးသမီးတစ်ဦးက "ပြီး ခဲ့တဲ့ဇွန်လတုန်းကလည်း တိုက်ပွဲကြောင့် တချို့မိသားစုတွေ ရှောင်တိမ်းသွားကြပြီ။ တိုက်ပွဲဖြစ်လာရင် တိုက်ပွဲကြားပိတ် မိနေမှာကို လူတိုင်းက ကြောက်နေကြတယ်။ တိုက်ပွဲက လည်း အနေးနဲ့အမြန် ဖြစ်လာမယ်လို့ ထင်နေကြတယ်" ဟု ပြောသည်။

မိသားစုတချို့က ကျေးရွာတွင် ဆက်လက်နေထိုင်နေ သော်လည်း အခြေအနေကို အနီးကပ် စောင့်ကြည့်နေ ကြသည်။ တိုက်ပွဲဖြစ်လျှင် ထွက်ပြေးတိမ်းရှောင်မည်ဟု ပြောသည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလကလည်း သဘောဆိပ်နှင့် ပြင်ကြီးကျေးရွာများတွင် စစ်ကောင်စီ တပ်သားများက ဝင် ရောက်တပ်စွဲခဲ့ပြီးနောက် နေအိမ်များကို မီးရှို့ခြင်း၊ အဖိုးတန် ပစ္စည်းများကို လုယက်ခြင်းနှင့် ဆိုင်ကယ်များကို ယူဆောင် သွားခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ အတွေ့အကြုံဆိုးက အကြောက်တရားများကို ပိုမိုဖြစ်ပေါ်စေသည်။

စစ်ကောင်စီက အင်အားဖြည့်တင်းလာသဖြင့် တင်းမာမှုများ မြင့်တက်လာပြီး လောင်းလုံးဒေသခံ ပြည်သူများအကြား အနာဂတ်အတွက် မသေချာမရေရာမှုများ ဖြစ်လာသည်။

တနင်္သာရီတိုင်းအတွင်း လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းသည် ပိုမိုဆိုးရွားလာ သည်။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်း ဖြင့် တိုက်ခိုက်မှုတို့ကြောင့် ၂၀၂၅ မေလတွင် စစ်ရှောင်ပြည်သူ (၅,၅၀၀) ထပ်မံတိုးလာကြောင်း မြေပြင်တွင် လှုပ်ရှားနေသည့် FE5 Tanintharyi အဖွဲ့က ပြောသည်။

မေလအကုန်တွင် စစ်ရှောင်ပြည်သူဦးရေစုစုပေါင်း (၈၁,၈၀၀) နီးပါး ရောက်ရှိလာပြီး ၂၀၂၅ ဧပြီလတွင် စံချိန်တင်ထားသည့် (၇၆,၃၀၀) အရေအတွက်ကို ကျော်လွန်လာခဲ့သည်။

မိုးရာသီက စစ်ဘေးရှောင်ပြည်သူများကို ပိုမိုဒုက္ခရောက်စေသည်။ အများစုသည် ယာယီတဲများတွင် ခိုလှုံနေရပြီး ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် အရေးပြားရောဂါစသည့် ကူးစက်မြန်ရောဂါဝေဒနာများကို ခံစားနေရသည်။ ဆေးဝါးများလည်း ပြတ်လပ်နေပြီး ကျန်းမာရေးစောင့်ရှောက်မှုသည် အကန့်အသတ်ရှိနေသည်။

အကြမ်းဖက်တိုက်ခိုက်မှုများအပြင် စစ်ကောင်စီတပ်က ထားဝယ်အရှေ့တောဒေသ၊ သရက်ချောင်း၊ တောင်ပျောက်၊ တနင်္သာရီနှင့် ပုလောမြို့နယ်များတလျှောက်တွင် ဂိတ်စခန်းများ တိုးချဲ့ခြင်းနှင့် လမ်းပိတ်ဆို့ခြင်းများ လုပ်ဆောင်လာသည်။ အစားအစာ၊ ဆေးဝါးနှင့် အခြေခံကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကို ကန့်သတ်လာပြီး ဒုက္ခရောက်နေသည့် စစ်ဘေးရှောင်များကို အခြေအနေ ပိုမိုဆိုးရွားစေသည်။

သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြိုလဲပျက်စီးနေသည်။ ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားဆောက်လုပ်ငန်းများသည် တိုက်ပွဲဆက်လက်ဖြစ်ပွားပြီး လုံခြုံရေးအာမခံချက် မရှိသဖြင့် ရပ်တန့်နေရသည်။ မိသားစုများသည် ဝင်ငွေနှင့် အကူအညီများ မရရှိဘဲ ရပ်တည်နေရသည်။

မေလတွင်ထုတ်ပြန်ခဲ့သည့် FE5 Tanintharyi အဖွဲ့၏ အစီရင်ခံစာအရ စစ်ကောင်စီတပ်ဖွဲ့ဝင်များ သည် ထားဝယ် ရေနက်ဆိပ်ကမ်းဒေသသို့ စစ်ကြောင်းထိုးဝင်ရောက်လာပြီး ဒေသခံရွာသား (၁၃) ဦးကို သတ်ဖြတ်ကာ နေအိမ် (၂) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဒေသခံပြည်သူများမှာ အကြောက်တရားကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည်။ အခြေအနေများ ဆက်လက်ဆိုးရွား နေပြီး အကြမ်းဖက်ခံရသူများနှင့် ဒုက္ခတောထဲတွင် ရှင်သန်ရန် ရုန်းကန်နေရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးပေါ်လိုအပ်နေသည်။

မေတ္တာမြို့အခြေစိုက် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ယာဉ်မောင်း (၁) ဦး သေဆုံးပြီး ခရီးသွား (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ဇူလိုင်လ (၂၁) ရက်နေ့တွင် တိုက်ခိုက်မှုသည် မေတ္တာမြို့ ဟိန္ဒချောင်းကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အသက် (၃၉) နှစ်အရွယ် ကိုရန်နိုင်သည် မေတ္တာမှ ထားဝယ်သို့ ခရီးသည်များကို ပို့ဆောင်စဉ် သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။ မေတ္တာမြို့ခံများသည် မိုးကြီးလေကြီးချိန်တွင် ဟိန္ဒချောင်းအနီးရှိ တံတားကို လှေဖြင့်ဖြတ်သန်းရန် ကြိုးစားစဉ် လက်နက်ကြီးကျလာခြင်း ဖြစ်သည်။

မျက်မြင်ဖြစ်သူ ဒေသခံတစ်ဦးက “ခရီးသည်အားလုံးက မေတ္တာမြို့ကပဲ။ သူတို့က ထားဝယ်ကို သွားမှာ။ ရေကြီးနေတော့ တံတားကို ကားနဲ့ဖြတ်လို့ မရဘူး။ အဲဒါကြောင့် လှေနဲ့ ဖြတ်ဖို့ လုပ်နေတာ။ အဲမှာ ရုတ်တရက်ပဲ အနားမှာကင်းပုန်းဝပ်နေတဲ့စစ်သားက သေနတ်စပစ်တယ်။ နောက်တော့ မေတ္တာစစ်ဗျူဟာစခန်းက လက်နက်ကြီး ကျလာပြီး သူတို့ကို ထိသွားတယ်” ဟု ပြောသည်။

လက်နက်ကြီးမကျမီအချိန်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တို့အကြား ဟိန္ဒချောင်းအနီးရှိ စစ်ဆေးရေးဂိတ်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်

တပ်ရင်း (၁၂) က တိုက်ပွဲတွင် ပါဝင်ခဲ့ကြောင်း ဒေသခံများ က ပြောသည်။

လက်နက်ကြီးကျပြီးနောက် အသက်ရှင်ကျန်ရစ်ခဲ့သူ ခရီးသွားများကို စစ်ကောင်စီက မေးမြန်းရန်အတွက်ဟု ဆိုကာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဇူလိုင်လ (၂၁) ရက်နေ့ ညနေပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း အခြေအနေကို သိရှိသူတစ်ဦးက ပြောသည်။

မြိတ်-ထားဝယ်ခရိုင် ကရင်အမျိုးသားအစည်းအရုံးကလည်း တိုက်ပွဲကို အတည်ပြုခဲ့ပြီး မေတ္တာအခြေစိုက် စစ်ကောင်စီ တပ်ရင်း၏ လက်နက်ကြီးကြောင့် အမျိုးသား (၁) ဦး သေဆုံးကာ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

ဇူလိုင်လ (၈) ရက်နေ့တွင်လည်း ထားဝယ်ခရိုင် ကလိန်အောင်မြို့ ကော့လှိုင်းကျေးရွာအနီး ရေး - ထားဝယ်ကားလမ်းကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ ကားလမ်းဘေးရှိ ဥယျာဉ်ခြံတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ကလေးငယ်အပါအဝင် မိသားစုဝင် (၄) ဦး သေဆုံးခဲ့သည်။ မိခင်ဖြစ်သူသည် လက်မောင်းတစ်ဖက် ဆုံးရှုံးခဲ့ပြီး ဆေးကုသမှု ခံယူနေရဆဲဖြစ်သည်။

ဇူလိုင်လ (၁၉) ရက်နေ့ မနက်တွင်လည်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ထားဝယ် - မြိတ်ကားလမ်းမဘေး ရှိ ရန်တောင်ကျေးရွာမှ ဒေသခံအမျိုးသားတစ်ဦးကို စစ်ကောင်စီတပ်သား များက ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

မနက် (၉) နာရီတွင် စစ်သားများက ကျေးရွာအလယ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချနေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အသက် (၄၀) အရွယ် ကိုဝင်းအေးကို သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ ၎င်းကို ဆိုင်ကယ်ကို နောက်ပြန်လှည့်ကာ ထွက်ပြေးရန် ကြိုးစားခဲ့သည်ဟု စစ်သားများက ပြောသည်။

“ကိုဝင်းအေးကို ဆိုင်ကယ်စီးနေတုန်း စစ်သားတွေကို မြင်ပြီး အပစ်ခံလိုက်ရတာ။ တစ်ခဏလေးအတွင်းမှာ ဖြစ်သွားတာ။ အဲနေ့မှာ စစ်သားတွေက ရွာနားတဝိုက်ကို လက်နက်ကြီးရော လက်နက်ငယ်ပါ (၁၅) မိနစ်လောက် ပစ်နေတယ်” ဟု မျက်မြင်ဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၀) ရက်နေ့ မနက်တွင် စစ်သားများက ဆုတ်ခွာသွားသဖြင့် ရွာသားများက ကိုဝင်းအေးကို ရှာဖွေခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်းခြံစည်းရိုးအနီးတွင် ၎င်း၏ရုပ်အလောင်း ကို မြှုပ်နှံထားကြောင်း တွေ့ရှိခဲ့သည်။ ရွာသားများက အလောင်းကို ပြန်ဖော်ပြီး နေ့လည်တွင် ဈာပနကျင်းပကာ သင်္ဂြိုဟ်ပေးခဲ့သည်။

သရက်ချောင်းမြို့နယ်တွင် စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ရှိနေပြီး ပြည်သူများသည် သတ်ဖြတ်ခံနေရသည်။ ရွာသားများသည် အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရပြီး အကြောက်တရားများလည်း ပျံ့နှံ့နေသည်။ ဇူလိုင်လ (၁၆) ရက်နေ့တွင် ရန်တောင်ကျေးရွာမှ ဒေသခံ (၄) ဦးနှင့် အနီးအနားကျေးရွာမှ ရွာသား (၄) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးထိန်းသိမ်း ခဲ့သည်။

စစ်ကြောင်းထိုးစဉ် (၄) ရက်တာအတွင်း ၎င်းတို့ကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။ ဖမ်းဆီးထားသည့်ရွာသားများကို ရွှေဂူတောင်တံတား စစ်ဆေးရေးဂိတ်အထိ ခေါ်ဆောင်သွားပြီးမှ ပြန်လည်လွှတ်ပေးခဲ့သည်။

ဇူလိုင်လ (၁၄) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ညောင်ဇင်နှင့် ရန်တောင် ကျေးရွာကြားတွင် အင်အားခွဲပြီး သရက်နှစ်ခွ၊ သိန်ခွန်းနှင့် အနီးအနားကျေးရွာများသို့ ဆက်လက်ချီတက်သွားကြသည်။ စစ်ကြောင်းထိုးစဉ်အတွင်း ရွာသား (၃) ဦးကို ဖမ်းဆီးခဲ့ပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

ဇရပ်ဆိပ်ကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီး ပစ်ခတ်ခြင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်ခြင်း ပြုလုပ်ခဲ့ရာ နေအိမ်တစ်လုံးအပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်တွင် ခေတ္တခိုလှုံနေသည့် ခရီးသွားပြည်သူများ သေဆုံးခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တိုက်ခိုက်မှု

လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

မျက်မြင်များ၏ ပြောကြားချက်အရ ဇူလိုင်လ (၂၅) ရက်နေ့ ည (၁၀) နာရီတွင် ခရီးသွားများ ခိုလှုံနေသည့် လူနေအိမ်တစ်လုံးကို စစ်ကောင်စီက ဒရုန်းဖြင့် ဗုံးသီးချ တိုက်ခိုက်ခဲ့သည်။

ခရီးသွားများအပြင် အိမ်ပိုင်ရှင် ဦးမြင့်သန်းသည်လည်း တိုက်ခိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးခဲ့ ရသည်။ ပထမအကြိမ် ဒရုန်းတိုက်ခိုက်မှုတွင် (၁) ဦး သေဆုံးပြီး (၂) ဦး ဒဏ်ရာရကြောင်း ဒေသခံတစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။ ဒေသခံပြည်သူများက ထိခိုက်ဒဏ်ရာရသူများကို သွားရောက်ကူညီကယ်ဆယ်ချိန်တွင် နောက်ထပ်ဗုံးသီးတစ်လုံး ထပ်မံကျရောက်ခဲ့သည်။

"ပထမဒရုန်းဗုံးသီးက အိမ်ကို ထိပြီး (၂) ယောက် ချက်ချင်းသေတယ်။ နောက်တော့ လက်နက်ကြီး ထပ်ကျလာတယ်။ (၈) ယောက်ကျော် ထပ်သေသွားတယ်။ (၅) ယောက်လည်း ဒဏ်ရာရတယ်" ဟု ဖြစ်စဉ်ကိုသိရှိသည့် ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်သေဆုံးသူများသည် မြိတ်မှခရီးသွားများ ဖြစ်ပြီး တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ခရီးတထောက်နားနေရသူများ ဖြစ်သည်။ ဇရပ်ဆိပ်ရှိ နေအိမ်တစ်အိမ်တွင် ခေတ္တနားခိုနေစဉ် စစ်ကောင်စီက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

နောက်ထပ်လက်နက်ကြီးပစ်ခတ်မှုက ထိခိုက်သေဆုံးမှုကို ပိုမိုများပြားစေခဲ့သည်။ အမျိုးသား (၈) ဦးနှင့် အမျိုးသမီး (၂) ဦး စုစုပေါင်း (၁၀) ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ အမျိုးသား (၄) ဦးနှင့် အမျိုးသမီး (၁) ဦး စုစုပေါင်း (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

"စစ်တပ်က ဗုံးကို တစ်ခါပဲကြဲတာမဟုတ်ဘူး။ ဒရုန်းနဲ့ ဗုံးကြဲပြီးတော့ ပါဒစက်တော်ရာနားက တပ်စခန်းက လက်နက်ကြီးနဲ့ ထပ်ပစ်တာ။ လက်နက်ကြီးကျတဲ့နေရာမှာ မီးတွေတောက်နေတာကို လှမ်းမြင်နေရတယ်" ဟု ဒေသခံမျက်မြင်တစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၆) ရက်နေ့ အစောပိုင်းတွင် ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ပြီး သေဆုံးသွားသူများကိုလည်း အလောင်းကောက်ကာ ကောင်းမွန်စာ သင်္ဂြိုဟ်ပေးခဲ့သည်။

"ဒီတိုက်ခိုက်မှုကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီက ပြည်သူကို ရန်သူလို့ သဘောထားတာ သိသာပါတယ်။ လက်နက်ကိုင်နဲ့ လက်နက်မဲ့ မခွဲခြားတော့ အကုန်ရမ်းပစ်နေတယ်။ ဇရပ်ဆိပ်မှာ ဖြစ်သွားတဲ့ဟာကတော့ စစ်ရာဇဝတ်မှုကို ပေါ်တင်ကျူးလွန်တာပဲ" ဟု ဒေသခံတစ်ဦးက ပြောသည်။

အနီးအနားတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်ကောင်စီတပ်က ပြည်သူများ ညဘက်တွင် ခေတ္တနားခိုနေသည့် နေအိမ်ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုပြီးနောက် ပုလောမြို့နယ်တွင် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာမည် ဖြစ်ကြောင်း တော်လှန်ရေးတပ်ဖွဲ့များက သတိပေးခဲ့သည်။ ဗုံးခိုကျင်းများ တူးထားရန်နှင့် ဘေးကင်းလုံခြုံရေးအတွက် ပဋိပက္ခနေရာကို ရှောင်ရှားရန် သတိပေးတိုက်တွန်းခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေး ထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမ တည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ် ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေး နေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီ က ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူး အာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါ အခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ် ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ် များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံ အခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ် ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူ နေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ် ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

### ၁) တိကျသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်း

စစ်ခေါင်းဆောင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများ၊ စစ်ကောင်စီကို ဘဏ္ဍာရေးထောက်ပံ့ပေးနေသူများ၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသူများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ရမည်။

### ၂) တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း

ပြည်သူလူထုနှင့် လူနည်းစုတိုင်းရင်းသားများကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုနေသည့် လက်နက်ပစ္စည်းများ စစ်ကောင်စီလက်ဝယ်သို့ မရောက်ရှိစေရန် လက်နက်ရောင်းဝယ်မှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရမည်။

### ၃) အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှုယန္တရား ပေါ်ပေါက်လာရန် အားပေးခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပေါ်ပေါက်လာစေရန် အားပေးရမည်။ သို့တည်းမဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) က စစ်ကောင်စီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ပိုင်ခွင့်ရရန် အားပေးကူညီရမည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းပြောဆိုရမည်။

### ၄) နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း

ပဋိပက္ခနယ်မြေသို့ အကူအညီများ တိုက်ရိုက်ပေးအပ်နိုင်ခြင်း မရှိသဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နိုင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ရမည်။ အကူအညီများသည် ထိခိုက်နစ်နာသူများထံသို့ အမှန်တကယ်ရောက်ရှိနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ပေးအပ်ရမည်။

### ၅) သန်းခေါင်စာရင်းကောက်ခံခြင်းကို လွတ်လပ်စွာစောင့်ကြည့်နိုင်ရန် ဖိအားပေးခြင်း

စစ်ကောင်စီက ကောက်ယူနေသော သန်းခေါင်စာရင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ ပွင့်လင်းမြင်သာမှု ရှိရန်နှင့် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုများ လွဲမှားမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်။

## လူသားချင်းစာနာထောက်ထားမှုအလှူရှင်များသို့

### ၁) ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့မှုများ တိုးမြှင့်ခြင်း

ပကတိမြေပြင်တွင် လှုပ်ရှားနိုင်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။ မတရားစစ်မှုထမ်းခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ၏ သားကောင်များဖြစ်သည့် ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်နိုင်ရန်အတွက် ကွန်ရက်များ စတင်ဖွဲ့စည်းထားရမည်။

### ၂) စိတ်ကျန်းမာရေးနှင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးကို ထောက်ပံ့ခြင်း

ပဋိပက္ခဒေသမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်သည့် တုံ့ပြန်မှုများကို ပြုလုပ်ရမည်။ ထိခိုက်ခံစားရမှုများမှ ပြန်လည်သက်သာနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကုစားရေး အစီအစဉ် များကို အလှူရှင်များက ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။

### ၃) ပြည်သူလူထုများကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပေးအပ်ခြင်း

ဒေသခံပြည်သူများက ဗုံးခိုကျင်းများ တူးဖော်နိုင်ရန်၊ လုံခြုံစိတ်ချသည့် နေရာတစ်ခု ဖန်တီးနိုင်ရန်နှင့် ရုတ်တရက်တိုက်ခိုက်ခံရမှုများကို ကြိုတင်သတိပေးနိုင်သည့် စနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပြုလုပ်ရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရသို့

၁) သံတမန်ရေးရာထိတွေ့ဆက်ဆံမှုများကို ခိုင်မာအားကောင်းစေခြင်း

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းမဟာမိတ်များ၏ ကူညီထောက်ပံ့မှု ရရှိရန် အားထုတ်မှုကို မြှင့်တင်ရမည်။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားပြီး လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ပေးသည့် တရားဝင်အစိုးရအဖြစ် ပုံဖော်ဆောင်ရွက်ရမည်။

### ၂) တိုင်းရင်းသားအဖွဲ့များနှင့် ဆက်ဆံရေး မြှင့်တင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ဖက်ဒရယ်စနစ်ကို ကတိပြုကြောင်း သေချာစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီစနစ်တွင် လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားရမည်။

### ၃) အရပ်သားလုံခြုံရေးဇုန် တည်ထောင်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်း အမျိုးသားညီညွတ်ရေးအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့်အတူ အရပ်သားလုံခြုံရေးဇုန်များကို တည်ထောင်ရမည်။ အရပ်သားလုံခြုံရေးဇုန်များက အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှုနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

### ပါဝင်ပတ်သက်သူများအားလုံးသို့

၁) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ မီဒီယာစာမျက်နှာထက်သို့ ရောက်ရှိနိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်တင်ပြပေးရန် နိုင်ငံတကာမီဒီယာများကို တွန်းအားပေးရမည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ လူနည်းစုတိုင်းရင်းသားများကို ပစ်မှတ်ထားမှုများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်းများကို မီးမောင်းထိုးပြရမည်။

### ၂) လုံခြုံစိတ်ချစွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်လုံခြုံရေးဆိုင်ရာ အသိပညာပေးမှုများ လုပ်ဆောင်ခြင်း

ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ဆက်သွယ်ပြောဆိုလုပ်ကိုင်မှုအားလုံးကို ကာကွယ်နိုင်ရန် အင်တာနက်လုံခြုံရေးအသိပညာပေးသင်တန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ထိုကဲ့သို့သောထောက်ပံ့မှုများကို တိုးမြှင့်ပေးအပ်ရမည်။

### ၃) မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်း အသိပညာပေးခြင်း

ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများ အထူးသဖြင့် ကလေးသူငယ်များကို ထိခိုက်သေဆုံးမှုဖြစ်စေသည့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် ပညာပေးသင်တန်းများ စတင်နိုင်ရန် ဘဏ္ဍာရေးထောက်ပံ့မှုများ ပေးအပ်ရမည်။

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၅ ခုနှစ်